ကြေးမုံ
The Mirror

၁၃၆၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်၊ အင်္ဂါနေ့၊ (29-3-2005) (၄၅၅၂)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံ့တာဝန်ကို စေတနာမှန်ကန်စွာ ကြိုးပမ်း ထမ်းဆောင်လျက်ရှိသော တပ်မတော်

နိုင်ငံတော်နဲ့ နိုင်ငံသားတို့အပေါ် သစ္စာစောင့်သိရိုသေတဲ့ တပ်မတော်ဟာ နိုင်ငံတော် အကျိုးကို စိတ်ကောင်း စေတနာကောင်းနဲ့ သယ်ပိုးထမ်းရွက်နေတာပဲဖြစ်တယ်။ တပ်မတော်အစိုးရနဲ့ ပြည်သူတို့ဟာ စည်းလုံးညီညွတ်မှုစွမ်းအားနဲ့ နိုင်ငံတော်ကို ဝိုင်းဝန်းတည်ဆောက်ခြင်း၊ ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ခြင်းတို့ကို ဆောင်ရွက်နေကြတာကြောင့် နိုင်ငံတော်ဟာ ယနေ့ကာလမှာ ကန့်သတ်ပိတ်ပင် ထိုးနှက်မှု ပေါင်းစုံအကြားကပင်လျှင် တိုးတက်မှုကို ရရှိနေကြပြီဖြစ်တယ်။ ဒါကြောင့်လဲ အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများအပြင် အကောင်းမြင်နိုင်ငံတွေကပါ မြန်မာ့နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုကို လက်ခံလာကြတယ်။ ဒါဟာဆိုရင် ဒို့တပ်မတော်အနေနဲ့ တပ်မတော်ရဲ့ အစဉ်အလာ(၁၂)ရပ်ကို စွဲစွဲမြဲမြဲသယ်ပိုးရင်း ပြည်သူနဲ့လက်တွဲပြီး နိုင်ငံ့တာဝန်ကို စေတနာမှန်ကန်စွာ ကြိုးပမ်း ထမ်းဆောင်ကြလို့ပဲဖြစ်တယ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
နှစ် (၆၀) ပြည့် တပ်မတော်နေ့ မိန့်ခွန်းမှ–



နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ကုလသမဂ္ဂကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

ရန်ကုန် မတ် ၂၈

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး ကိုယ်စားလှယ် Mr. Rajiv Kapur အား ယနေ့နံနက် စနာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ (အပေါ်ပုံ)

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန **စာမျက်နှာ ၅ ကော်လံ ၁ သို့** ☆

ကဗျာ၊ ဆောင်းပါး အညွှန်း

နှစ်(၆၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြု

* ***"တပ်မတော်နှင့် မြတ်အဖော်"***
  တက္ကသိုလ်တင်ခ၏ ကဗျာ (စာမျက်နှာ–၃)
* ***"ဖြစ်ပေါ်ခဲ့သည့် မြန်မာ့သမိုင်းစဉ်တွင် နိုင်ငံတော်နှင့်ပြည်သူတို့အပေါ် ကျရောက်လာသည့်အန္တရာယ်နှင့် ကြုံတွေ့ခဲ့လေတိုင်း သမိုင်းပေးတာဝန်အရ အမျိုးသားရေးတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခဲ့သည်မှာ အမျိုးသားတပ်မတော်ပင် ဖြစ်သည်။"*** တက္ကသိုလ်မြတ်သူ၏ ဆောင်းပါး (စာမျက်နှာ–၈/၉)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၂၉-၃-၂၀၀၅
(အင်္ဂါနေ့)

နိုင်ငံတော်အကျိုးပြု အခြေခံအဆောက်အအုံများ ရေရှည်တည်တံ့ရေး ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်

နိုင်ငံတော်အစိုးရသည် အမျိုးသားစီးပွားရေးဘဝ တိုးတက်ဖြစ်ထွန်းခိုင်မာရေးကို အလေးထားသည်နှင့်အညီ အမျိုးသားရေး စွမ်းအားစုများ၊ နိုင်ငံတော်၏ သယံဇာတအရင်းအမြစ်များ၏ စွမ်းအားကို အကျိုးရှိရှိ စုစည်းရယူပြီး နိုင်ငံတော်ကြီး အဘက်ဘက်က ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိသည်။

ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံချက်များချမှတ်၍ စီမံကိန်းကာလအလိုက် ရည်မှန်းချက်အောင်မြင်စေရန် ကြိုးပမ်းဖော်ဆောင်လျက်ရှိရာ စီးပွားရေး၊ လူမှုရေး အခြေခံအဆောက်အအုံ များစွာကို တိုးမြှင့်တည်ဆောက် ဖြည့်ဆည်းပေးနိုင်ခဲ့ပြီဖြစ်သည်။

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်း ပျဉ်းမနားမြို့နယ် ကျည်တောင်-ခေါမကျေးရွာအနီး တည်ဆောက်ပြီးစီးသွားသည့် ပေါင်းလောင်းရေလှောင်တမံ ဘက်စုံစီမံကိန်း ဖွင့်ပွဲအခမ်းအနားကို မတ်လ ၂၅ ရက်နေ့က အောင်မြင်စွာ ကျင်းပခဲ့သည်။

ပေါင်းလောင်းရေလှောင်တမံ ဘက်စုံစီမံကိန်း ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တက်ရောက်ပြီး အခမ်းအနားသို့ တက်ရောက်လာသည့် ပြည်သူများအား နှုတ်ခွန်းဆက်စကား ပြောကြားခဲ့သည်။

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက နှုတ်ခွန်းဆက်စကား ပြောကြားရာတွင် **နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော် တက်ညီလက်ညီ ပူးပေါင်းလက်တွဲ၍ ရပ်ရွာဒေသ တည်ငြိမ်အေးချမ်းရေးလုပ်ငန်းများ အပါအဝင် နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းများအားလုံးကို ဝိုင်းဝန်း အကောင်အထည်ဖော် ဆောင်ရွက်သွားရန် အရေးကြီးကြောင်း၊ ဤပေါင်းလောင်းရေအားလျှပ်စစ်စက်ရုံကြီး စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်နိုင်ရေး၊ ရေလှောင်တမံကြီး ရေရှည်တည်တံ့ရေးတို့ အတွက်လည်း ပြည်သူများက ဝိုင်းဝန်းစောင့်ရှောက်ကြရန်ဖြစ်ကြောင်း** မှာကြားသည်။

ပေါင်းလောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းကို အကောင်အထည်ဖော်ရာတွင် ပေါင်းလောင်းမြစ်ပေါ်၌ တမံအလျား ပေ ၃၁၀၀၊ တမံအမြင့်ပေ ၄၃၀ ရှိ ကျောက်ဖြည့်တမံ တည်ဆောက်ခြင်းဖြင့် မြေအောက်ဓာတ်အားပေးစက်ရုံမှတစ်ဆင့် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၂၈၀ ထုတ်လုပ်ရန်နှင့် လယ်မြေဧရိယာဧက ၃၅၀၀၀ ခန့်ကို ဆည်ရေပေးဝေနိုင်ရန် ရည်ရွယ်ဆောင်ရွက်ထားခြင်းဖြစ်သည်။

ယခုဖွင့်လှစ်လိုက်သည့် ပေါင်းလောင်း ရေအားလျှပ်စစ်စက်ရုံ၌ မဂ္ဂါဝပ် ၇၀ ဓာတ်အားထုတ်လုပ်နိုင်သည့် စက်လေးလုံး တပ်ဆင်ထားပြီး စုစုပေါင်းလျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၂၈၀ ထုတ်လုပ်နိုင်အားရှိသည့် စက်ရုံကြီးဖြစ်သည်။ အဆိုပါ ရေအားလျှပ်စစ် စက်ရုံသည် မြန်မာနိုင်ငံတွင် ပထမဦးဆုံးတည်ဆောက်သည့် မြေအောက်ရေအားလျှပ်စစ်စက်ရုံဖြစ်ပြီး စက်ရုံ၏စနစ်အရ ဥမင်လိုဏ် အကြီးအသေးမျိုးစုံ ၃၇ ခု၊ အရှည်အားဖြင့် သုံးမိုင်ကျော်ခန့်ကို အဆင့်မြင့်နည်းပညာ၊ အဆင့်မြင့်ခေတ်မီစက်ယန္တရားများအသုံးပြု၍ တည်ဆောက်ထားကြောင်း သိရသည်။

ပေါင်းလောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းသည် နိုင်ငံတော်က တည်ဆောက်ဖွင့်လှစ်ခဲ့သည့် ၁၇၂ ခုမြောက် ရေလှောင်တမံဖြစ်သည်။ ပေါင်းလောင်းရေလှောင်တမံနှင့်ဆက်စပ်၍ ရေလွှဲဆည်နှင့် ရေပေးတူးမြောင်းများ တည်ဆောက်ပြီးစီးသွားပါက မူရင်းသီးနှံဖြစ်သည့် မိုးစပါးဧက ၃၅၀၀၀ နှင့် အခြားသီးနှံများအပါအဝင် ဧက ခုနစ်သောင်းခန့်အထိ တိုးတက်စိုက်ပျိုးလာနိုင်မည်ဖြစ်သည်။

နိုင်ငံတော်က လယ်ယာကဏ္ဍ ထုတ်လုပ်မှုမြင့်မားရေးနှင့် ပြည်သူများ လူနေမှုအဆင့်အတန်း မြင့်မားရေးတို့အတွက် တိုက်ရိုက်အကျိုးပြုလျက်ရှိသည့် အခြေခံအဆောက်အအုံများနှင့် ဆည်တမံ ဘက်စုံစီမံကိန်းများကို အရှိန်အဟုန်ဖြင့် တည်ဆောက်ပေးလျက်ရှိရာ ပေါင်းလောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းသည် တစ်ခုအပါအဝင်ဖြစ်သည်။

သို့ဖြစ်ရာ ဒေသအလိုက် ဖွံ့ဖြိုးရေးမှသည် နိုင်ငံတော်တစ်ရပ်လုံးဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်က ဖန်တီးဖော်ဆောင်ပေးထားသည့် နိုင်ငံတော်အကျိုးပြု အခြေခံအဆောက်အအုံများ ရေရှည်တည်တံ့စေရေးအတွက် ဒေသခံပြည်သူများက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နှစ်(၆၀)ပြည့် တပ်မတော်နေ့အစီရင်ခံစာ

"နိုင်ငံတော်နှင့် နိုင်ငံသားတို့အတွက် အသက်စွန့်မည့် မျိုးချစ် မြန်မာ့တပ်မတော်သည် အဖျက်ရန်စွယ် အန္တရာယ်မှန်သမျှကို ပြည်သူလူထုနှင့်အတူ လက်တွဲချေမှုန်းပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ အရောက်ချီတက်မည်ဟု အစီရင်ခံပြုပါ၏"

ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး တည်ဆောက်ဆဲ ရဲနွယ်ရေလှောင်တမံ ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၂၈

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် မတ် ၂၃ ရက် မွန်းလွဲပိုင်းတွင် ပဲခူးတိုင်း ကျောက်တံခါးမြို့နယ် မြို့ချောင်းကျေးရွာအနီးရှိ တည်ဆောက်ဆဲ ရဲနွယ်ရေလှောင်တမံကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး (၁) ညွှန်ကြားရေးမှူးက ပင်မတမံ မြေဖို့လုပ်ငန်း၊ ရေလွှဲဆည် တည်ဆောက်မှုလုပ်ငန်းနှင့် ရေသောက်စနစ်တူးမြောင်းလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာဝန်ကြီးက ဒေသတွင်း ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံကိန်း၏ အကျိုးရလဒ်ကို ပြည်သူများအမြန်ဆုံး ခံစားနိုင်ရေးအတွက် တည်ဆောက်နေသည့်လုပ်ငန်းများကို သတ်မှတ်စံများအတိုင်း အမြန်ဆောင်ရွက်ရေးနှင့် စက်သုံးဆီ လေလွင့်မှုမရှိစေရေး မှာကြားသည်။

ထို့နောက်ဝန်ကြီးသည် စက်ယန္တရားများဖြင့် ပင်မတမံ မြေဖို့လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးသည် ရေပိုလွှဲ အဆောက်အအုံ အမှတ် (၁) တည်ဆောက်ပြီးစီးမှု လုပ်ငန်းကိုလည်းကောင်း၊ ရေပိုလွှဲ အဆောက်အအုံ အမှတ် (၂) တည်ဆောက်နေမှု၊ ဘေးကာနံရံများ ကွန်ကရစ်လောင်းမှုတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဆွေးနွေးမှာကြား

ညနေပိုင်းတွင်ဝန်ကြီးသည်တောင်ငူမြို့ မြန်မာ့စိုက်ပျိုးရေး လုပ်ငန်းရုံး၌ ဝန်ကြီးဌာနအောက်ရှိ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနတာဝန်ခံများနှင့် တွေ့ဆုံ၍ ချောင်းပိတ်မြောင်းပိတ်လုပ်ငန်းများ၊ ရေရရှိရေး လုပ်ငန်းများ၊ နွေစပါးနှင့် ကြံစိုက်ပျိုးရေးလုပ်ငန်းများကို ဆွေးနွေးမှာကြားသည်။

ကြည့်ရှုစစ်ဆေး

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ပဲခူးတိုင်း ကျောက်တံခါးမြို့နယ်၌ ဆည်မြောင်းဦးစီးဌာနက တည်ဆောက်လျက်ရှိသည့် ရဲနွယ်ရေလှောင်တမံစီမံကိန်း၏ ပင်မတမံ မြေဖို့လုပ်ငန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (လယ်ယာ/ဆည်မြောင်း)

ထို့နောက်ဝန်ကြီးသည် မန္တလေးတိုင်း ပျဉ်းမနားမြို့နယ်အတွင်း၌ ငလိုက် ရေလှောင်တမံ ဆည်ရေဖြင့် စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသော နွေစပါးစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် မတ် ၂၄ ရက်တွင် မန္တလေးတိုင်း ပျဉ်းမနားမြို့နယ် ဧးဖြူပြင်ကျေးရွာအနီး ပေါင်းလောင်း ရေလှောင်တမံမှ ၁၂ မိုင်အကွာ၌ ဆည်မြောင်းဦးစီးဌာနက တည်ဆောက်မည့် ပေါင်းလောင်း ရေလွှဲဆည် အဆောက်အအုံနေရာ ရွေးချယ်ထားမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက်ဝန်ကြီးက တည်ဆောက်ရေး တာဝန်ခံများအား ရေလွှဲဆည်၏ ရေသောက်ဧရိယာ၌ အကျိုးပြုမှု ပိုမိုများပြားစေရန် ဒီဇိုင်းပုံစံ၊ သဲထုတ်ရေတံခါးပုံစံနှင့် ရေသွင်းရေထုတ်နှုန်းများကို စိစစ်တွက်ချက်ရေး ဆွေးနွေးမှာကြားသည်။

(သတင်းစဉ်)

မတ် ၁၃ ရက်က တောင်ဥက္ကလာပမြို့နယ် အမက (၁၇)တွင် ၂၀၀၄-၂၀၀၅ ပညာသင်နှစ်အတွက် အခြေခံပညာမူလတန်းဆင့် သင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်ပွဲတွင် စတုတ္ထတန်း (ခ)မှ မညီမ်းယုနွယ်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်အုံးကျင် လက်မှတ်ပေးအပ်ချီးမြှင့်စဉ်။ (က-ပ)

မိုးကုတ်ဝိပဿနာ တရားစခန်းဖွင့်မည်

ရန်ကုန် မတ် ၂၈

ရန်ကုန်တိုင်း တာမွေမြို့နယ် မေတ္တာညွှန့်ရပ်ကွက် ဝဏ္ဏသိဒ္ဓိလမ်းရှိ ဆပ်သွားဖူးကျောင်း မိုးကုတ် ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ခွဲ (၂၇၆)တွင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဧပြီ ၁၁ ရက်မှ ၁၇ ရက်ထိ ကျောင်းတိုက် ပဓာန နာယက ဆရာတော် မိုးကုတ်ဝိပဿနာ နယ်လှည့်ဓမ္မကထိက ဦးပုညက ပဋိစ္စသမုပ္ပါဒ်တရား သစ္စာလေးပါးတရားများကို ဟောကြားပြသမည်ဖြစ်ရာ တရားစခန်းဝင်လိုသော ယောဂီများ ဧပြီ ၁ ရက် နောက်ဆုံးထား၍ လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်း-၅၅၉၆၀၄ သို့ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီ လုပ်ငန်းပြန်လည်သုံးသပ် ညှိနှိုင်းအစည်းအဝေး ကျင်းပ

ရန်ကုန် မတ် ၂၈

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီ လုပ်ငန်းပြန်လည်သုံးသပ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၃နာရီတွင် ရန်ကုန်တိုင်း စစ်ဌာနချုပ်ခန်းမ၌ကျင်းပရာ နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း တက်ရောက်အမှာစကားပြောကြားသည်။

ညှိနှိုင်းအစည်းအဝေးသို့ နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်မှူးချုပ်ဉာဏ်ထွန်း၊ နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေး စစ်ရေးပြလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဒုတိယတပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဗိုလ်ချုပ်အောင်ကြည်နှင့် ဒုတိယဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ နှစ်(၆၀)ပြည့်တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီ၊ လုပ်ငန်းကော်မတီတို့မှ ကော်မတီဝင်များ၊ စစ်ရေးပြမှူးကြီး၊ စစ်ကြောင်းမှူးများ၊ တပ်ရင်းမှူးများနှင့် တပ်ခွဲမှူးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အောင်အောင်မြင်မြင်

ရှေးဦးစွာ နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက အမှာစကားပြောကြားရာတွင် နှစ်(၆၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကြီး အပါအဝင် အနှစ်သာရပြည့်ဝသော အခမ်းအနားများကို အောင်အောင်မြင်မြင် ကျင်းပနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ယင်းသို့ အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည်မှာ ဦးစီးကော်မတီ၊ စီမံခန့်ခွဲရေးကော်မတီနှင့်လုပ်ငန်းကော်မတီအသီးသီးတို့က ကျရာကဏ္ဍမှ တက်ညီလက်ညီ စေတနာထား၍ ဆောင်ရွက်ခဲ့ကြမှု၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်နှင့်ကြက်ခြေနီ တပ်ဖွဲ့ဝင်များ၏ တိကျမှန်ကန် တာဝန်ကျေပွန်စွာ ပူးပေါင်းပါဝင်ဆောင်ရွက်မှု၊ ဝန်ကြီးဌာနများ၊ ပြည်သူများနှင့် အလှူရှင်များ၏ လိုက်လံစွာ ပါဝင်ဆောင်ရွက်လှူဒါန်းမှုတို့ကြောင့်ပင်ဖြစ်သည်ဟု ဆိုရမည်ဖြစ်ကြောင်း။

ယခု ညှိနှိုင်းအစည်းအဝေးတွင် ရှေ့ဆက်လက်ကျင်းပသွားမည့် တပ်မတော်နေ့ အခမ်းအနားများအတွက် ယခု ဆောင်ရွက်ချက်များအပေါ် အားနည်းချက်များ၊ အားသာချက်များကို ဝိုင်းဝန်းသုံးသပ်အဖြေရှာ ဖြည့်ဆည်းဆောင်ရွက်သွားကြရန် ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ဆက်လက်၍ နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေးစီမံခန့်ခွဲရေး ကော်မတီဥက္ကဋ္ဌ၊ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက စီမံခန့်ခွဲရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် စစ်ရေးပြလုပ်ငန်းအဖွဲ့၊ တိုင်းကျိုးပြည်ပြု ပြည်သူ့အကျိုးပြု လုပ်ငန်းများပြခန်း ခင်းကျင်းပြသရေး ကော်မတီ၊ စာပေအနုပညာပြိုင်ပွဲ ကျင်းပရေးကော်မတီ၊ စာပေနှင့် ဓာတ်ပုံပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီ၊ ကဗျာနှင့် အနုပညာပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီ၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံ၊ ကျွမ်းကျင်ပညာရှင်များ အဆင့်နှင့် အခြေခံပညာကျောင်းများ စာပေအနုပညာပြိုင်ပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီ၊ ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီ၊ ဦးတည်ချက်(၁၂)ရပ်ပြခန်း ခင်းကျင်းပြသရေး လုပ်ငန်းကော်မတီ အပါအဝင်ကော်မတီနှင့် လုပ်ငန်းအဖွဲ့အသီးသီးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ စစ်ရေးပြမှူးကြီး၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ မီးသတ်ဦးစီးဌာနနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့မှ တာဝန်ရှိပုဂ္ဂိုလ်များက သက်ဆိုင်ရာကော်မတီနှင့် လုပ်ငန်းအဖွဲ့အလိုက် ဆောင်ရွက်မှု အခြေအနေများကို သုံးသပ်ဆွေးနွေး တင်ပြကြပြီး အစည်းအဝေးတက်ရောက်လာကြသူများက ပေါင်းစပ်ဆွေးနွေး တင်ပြကြသည်။

ထို့နောက် နှစ်(၆၀)ပြည့် တပ်မတော်နေ့ ကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက နိဂုံးချုပ် အမှာစကားပြောကြားပြီး ညှိနှိုင်းအစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း နှစ်(၆၀)ပြည့် တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီလုပ်ငန်း ပြန်လည်သုံးသပ် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

ဂုဏ်ပူဇော်သဘင် ကျင်းပမည်

ရန်ကုန် မတ် ၂၈

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၀၅)ဖြင့် ဇန်နဝါရီ ၄ရက်တွင် မဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေးကော်မတီ၏ ပဓာန နာယက သာသနဓဇ ဓမ္မာစရိယ ဘဒ္ဒန္တ နန္ဒသိရီ(ပြင်သစ်ဆရာတော်) အရှင်သူမြတ်အား ချီးကျူးဂုဏ်ပြုပူဇော်ပွဲကို ဧပြီ ၃ရက်(တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဗဟန်း ၃လမ်း မှတ်တိုင်အနီးရှိ အဘိဓမ္မာရတနာဃရ အဘိဓမ္မာ ဓမ္မဗိမာန်၌ ကျင်းပမည်ဖြစ်ရာ ကြွရောက်ပူဇော်နိုင်သည်။ (သတင်းစဉ်)

နှစ်(၆၀)ပြည့် တပ်မတော်နေ့ စာပေအနုပညာပြိုင်ပွဲပြပွဲ ရဟန်းရှင်လူ ပြည်သူများကြည့်ရှုလေ့လာ

ရန်ကုန် မတ် ၂၈

နှစ်(၆၀)ပြည့် တပ်မတော်နေ့ စာပေအနုပညာပြိုင်ပွဲပြပွဲကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ယနေ့နံနက် ၉နာရီမှ ညနေ ၅နာရီအထိ အများပြည်သူတို့အား ဖွင့်လှစ်ပြသထားရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ကျောင်းသား ကျောင်းသူများ၊ ရဟန်းရှင်လူပြည်သူများ လာရောက်ကြည့်ရှုလေ့လာကြသည်။

ပြပွဲ၌ နှစ်(၆၀)ပြည့် တပ်မတော်နေ့စာပေအနုပညာပြိုင်ပွဲ ပြပွဲဆိုင်ရာ ဉာဏ်စမ်းမေးခွန်းဖြေဆိုပွဲကို နေ့စဉ်ကျင်းပပေးလျက်ရှိပြီး ဖြေဆိုပွဲအပြီးတွင် ဆုငွေများကို ချီးမြှင့်ပေးအပ်သည်။

အဆိုပါ ပြိုင်ပွဲပြပွဲကို ဧပြီ ၄ရက်အထိ ဖွင့်လှစ်ပြသထားမည်ဖြစ်သည်။

(သတင်းစဉ်)

ပြန်ကြားရေး ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းအား ဗီယက်နမ်အသံလွှင့်ဌာန ကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံ

ရန်ကုန် မတ် ၂၈

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းအား မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ဗီယက်နမ် အသံလွှင့်ဌာနတို့အကြား ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်အရ ရန်ကုန်မြို့၌ ရောက်ရှိနေသော ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဗီယက်နမ်အသံလွှင့် ဌာနမှ Head of Section, Mr. Hoang Huu Khai ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေ ၅နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး ရုံးအဖွဲ့မှူးတို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

အိုင်စီတီပြပွဲ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ပြသမည်

ရန်ကုန် မတ် ၂၈

မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် (MCF)၏ ပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်း(MCIA)၊ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း (MCPA)တို့ ပူးပေါင်းကျင်းပသည့် ဆဋ္ဌမအကြိမ် နိုင်ငံတကာ အိုင်စီတီပြပွဲကို မတ် ၂၉ ရက်မှ ၃၁ ရက်အထိ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ (MCC)၌ ကျင်းပမည်ဖြစ်သည်။

ပြပွဲတွင် Parami Group Co., Ltd. မှ Tablet PC (ကွန်ပျူတာကျောက်သင်ပုန်း)ကို ပြသထားမည်ဖြစ်ရာ မှတ်စုစာအုပ်ကဲ့သို့ လက်ရေးနှင့် မှတ်သားထားနိုင်၍ နှစ်ပေါင်းများစွာ သိမ်းဆည်းထားနိုင်ကြောင်း၊ စာအုပ်ကဲ့သို့ ပေါ့ပါးပြီး လွယ်ကူစွာ သယ်ဆောင်နိုင်၍ E-mail, Internet တို့ကို ကြိုးမဲ့စနစ်ဖြင့် ဆက်သွယ်အသုံးပြုနိုင်ကာ Digital Pen အသုံးပြု၍ မိမိလက်ရေးဖြင့် မည်သည့်ဘာသာမဆို ရေးသားထားသည့်အတိုင်း နိုင်ငံတကာသို့ E-mail စနစ်ဖြင့် ပေးပို့နိုင်ကြောင်း သိရသည်။

ထို့ပြင် လက်ဝါးအရွယ်ရှိ Pocket PC(အိတ်ဆောင်ကွန်ပျူတာ)ကိုလည်း ပြသထားမည်ဖြစ်ရာ အသေးစိတ် အချက် အလက်များကို ဖုန်း-၇၀၁၉၇၂၊ ၀၉-၅၀၁၁၀၉၀သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ (က-ပ)

စမ်းချောင်းမြို့နယ် အမက(၆)၏ ၂၀၀၄-၂၀၀၅ပညာသင်နှစ်မူလတန်းအဆင့် သင်ယူပြီးမြောက်ခြင်းလက်မှတ် ပေးအပ်ပွဲကို မတ် ၂၀ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးအေး စတုတ္ထတန်းမှ မောင်ဇာနည်အောင်အား သင်ယူပြီးမြောက်ခြင်းလက်မှတ် ပေးအပ်စဉ်။ (က-ပ)

တပ်မတော်နှင့် မြတ်အဖော်

(အမျိုးသားညီလာခံနှင့် တပ်မတော်ဂုဏ်ပြု ကိုယ်တွင်းပြည့် ကာရန်ယူတေးထပ်)

ချွေးစက်ညီ မူအရ – ပေးဆက်မည် တူအမျှ
တူတကွ လှမ်းမယ် – မူအလှ ပန်းနွယ်ရယ်
ပန်းရှာတယ်သလား – နွမ်းပါကွယ် မနား
တွင်းပြင်ရဲ့ ခွဲထွက်မည်ကို – သင်းဝင်ဖွဲ့ ရဲဘက်ပီတယ်
တွဲလက်ညီ မပြုတ်စေသား – နွဲ့ဆက်မည် အလုပ်တွေများ
ပုဆိန်ရိုး မျိုးဖြုတ်ကောင်ကို – အချိန်တိုး ကြိုးလုပ်ဆောင်မယ်
ကြိုးတုပ်နှောင် အထား – မိုးချုပ်တောင် မနား
နယ်ချဲ့ရန် ပျောက်ကွယ်သွားမှ – ရမယ်ဖွဲ့ပြန် နောက်ဆွယ်များကိုလ
တစ်ထောက်နား ကြံရွယ် – မမှောက်မှား အမှန်ကွယ်
တပ်မတော် လက်အတွဲကိုလ – မြတ်အဖော် မပျက်နွဲ့ပါလို့
မပျက်ဘဲ မင်းလိုက်ခဲ့ကွယ် – တစ်ဆက်ထဲ တင်းလိုက်ခဲ့မယ်
ဒို့ပြည်ထောင်စု တိုင်းဌာနီဝယ် – ဒို့ညီနှောင်စု ဝိုင်းကာညီတယ်
တွေ့ပါမယ် ပြည်သူများက – မွေ့သာဖွယ် ကြည်ဖြူစကားနဲ့
မောင်တို့အား တေးနဲ့ကြိုဟန် – နှောင်ဖို့များ ဘေးမဲ့ခိုရန်
လမ်းစဉ်မြတ် ခုနစ်တန် – ပန်းဝင်ရပ် မူအမှန်
ရွှေပြည်ကြီး နီးဖို့ဆိုရန် – ရွှေစည်တီး ဆီးလို့ကြိုဟန်
လက်တွဲလို့ ဝန်းကာရံတယ် – ဆက်နွဲ့စို့ ညွှန်းတာမှန်တယ်
ညီလာခံ အောင်ပွဲပလေး – ကြည်သာစံ နှောင်မြဲပလေး။ ။

တက္ကသိုလ်တင်ခ

တရုတ်–ကွန်ဂို စီးပွားရေးပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်မည်

ပေကျင်း မတ် ၂၇

တရုတ်နိုင်ငံနှင့် ကွန်ဂိုဒီမိုကရက်တစ် သမ္မတနိုင်ငံတို့သည် စီးပွားရေးနှင့် နိုင်ငံရေးပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန် တနင်္လာနေ့တွင် သဘောတူညီလိုက်ကြသည်။

တရုတ်က ကွန်ဂို၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် စီးပွားရေးပြန်လည်တည်ဆောက်မှုများကို ထောက်ခံကြောင်း၊ နှစ်နိုင်ငံ ဆက်ဆံရေးမြှင့်တင်နိုင်ရေးအတွက် ကဏ္ဍအားလုံးနှင့် အဆင့်အားလုံးတွင် နည်းပညာဖလှယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆောင်ရွက်လိုကြောင်း တရုတ်သမ္မတ ဟူကျင်တောင်က ကွန်ဂိုသမ္မတ ဂျိုးဇက်ကဘီလာနှင့် ဆွေးနွေးရာတွင် ပြောကြားလိုက်သည်။

မှန်မှန်တိုးတက်

တရုတ်နှင့် ကွန်ဂိုတို့သည် ၁၉၇၂ ခုနှစ်တွင် သံတမန် အဆက်အသွယ်ပြုခဲ့ကြကြောင်း၊ နိုင်ငံရေးတွင် နှစ်နိုင်ငံ အပြန် အလှန်ယုံကြည်မှု တိုးတက်လာခြင်း၊ စီးပွားရေးနှင့် လူမှုရေးကဏ္ဍများတွင် ထိရောက်စွာ ပူးပေါင်းဆောင်ရွက်လာခြင်း၊ နိုင်ငံတကာ ရေးရာများတွင် အပြန်အလှန် နားလည်ခြင်းနှင့် အားပေးထောက်ခံခြင်း စသည်ဖြင့် နှစ်နိုင်ငံဆက်ဆံရေးမှာ မှန်မှန်တိုးတက်ခဲ့ကြောင်း ဟူက ပြောကြားသည်။

အားပေး

တရုတ်ကုမ္ပဏီများ ကွန်ဂိုတွင်ရင်းနှီးမြှုပ်နှံရန်နှင့် ကွန်ဂို၏ စီးပွားရေးပြန်လည်တည်ဆောက်မှု လုပ်ငန်းများတွင် ပါဝင်လာစေရန် တရုတ်က ဆက်လက် အားပေးမည်ဟု ဟူက ပြောကြားသည်။

ကွန်ဂိုအစိုးရသည် တရုတ်တစ်နိုင်ငံတည်း မူဝါဒကို ခိုင်ခိုင်မြဲမြဲဆွဲကိုင်ထားမည်ဖြစ်ကြောင်း ကဘီလာက ပြောကြားသည်။ တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက်က အတည်ပြုခဲ့သော တရုတ်နိုင်ငံ၏ ခွဲထွက်ရေးတားမြစ်သည့် ဥပဒေကို ထောက်ခံကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဘဂ္ဂဒက်မြို့ အနောက်ဘက်တွင် ကင်းလှည့်နေသော အမေရိကန် တပ်ဖွဲ့ဝင်များကို မတ် ၂၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

စင်ကာပူတွင် ဘက်စုံသုံးရေတားတမံတစ်ခု တည်ဆောက်ရန်လုပ်ဆောင် ရေပေးဝေရေး၊ ရေဘေးကာကွယ်ရေး၊ အပန်းဖြေရေး အကျိုးကျေးဇူးခံစားရ

စင်ကာပူ မတ် ၂၇

စင်ကာပူနိုင်ငံ တောင်ဘက်တစ်နေရာတွင် ဘက်စုံသုံး ရေတားတမံတစ်ခု တည်ဆောက်သွားမည်ဖြစ်ကြောင်း ပြည်သူ့အကျိုးပြုလုပ်ငန်းဘုတ်အဖွဲ့(ပီယူဘီ)က မတ် ၂၂ ရက်တွင် ထုတ်ပြန်ကြေညာသည်။

အဆိုပါ မရီနာ ဘက်စုံသုံး ရေတားတမံစီမံကိန်း စတင်သည့် အခမ်းအနားသို့ ဝန်ကြီး မင်တာလီကွမ်ယူ တက်ရောက်ခဲ့သည်။ ထိုဆောက်လုပ်ရေးစီမံကိန်းမှာ အမေရိကန်ဒေါ်လာ ၁၃၈ သန်း ကုန်ကျမည့်လုပ်ငန်း ဖြစ်သည်။

ပြီးစီး

ယခုတည်ဆောက်မည့် ရေတားတမံမှာ စင်ကာပူတောင်ဘက်ရှိ မရီနာရေလမ်းကိုဖြတ်၍ တည်ဆောက်မည်ဖြစ်ပြီး၊ ၂၀၀၇ ခုနှစ်တွင် ပြီးစီးမည်ဖြစ်သည်။ ယင်းရေတားတမံသည် စင်ကာပူအတွက် ၁၅ ခုမြောက် ရေလှောင်ကန်ကြီးဖြစ်လာမည့်အပြင် ရေဖမ်းဧရိယာ အကျယ်အဝန်းမှာလည်း ဟက်တာ ၁၀၀၀၀ ရှိမည်ဖြစ်သည်။

ထိုရေတားတမံများ တည်ဆောက်ပြီးစီးပါက ယင်းရေလှောင်ကန်မှ ပံ့ပိုးပေးနိုင်မည့် ရေပမာဏသည် စင်ကာပူနိုင်ငံ ရေလိုအပ်ချက်၏ ၁၀ ရာခိုင်နှုန်းကို ထောက်ပံ့ပေးနိုင်မည်ဖြစ်ကြောင်း ပီယူဘီအဖွဲ့က ပြောကြားသည်။

ယင်းရေတားတမံကြောင့် နိုင်ငံအတွက် ရေရရှိမည်သာမက နိုင်ငံ၏ အနိမ့်ပိုင်းအရပ်များကို ရေကြီးရေလျှံမည့် ဘေးအန္တရာယ်မှလည်း အကာအကွယ်ပေးနိုင်မည်ဟုဆိုသည်။ ရေလျှံမည့်ဘေးမှ အကာအကွယ်ရမည့် အရပ်များတွင် တရုတ်တန်းရပ်၊ ဘုတ်ကွေး (သဘော်ဆိပ်ရပ်)၊ ဂျလန်ဘက်ဆာအရပ်နှင့် ကလန်အရပ်များ ပါဝင်သည်။ ရေလျှံသည့်ဘေးမှ ကာကွယ်ရန် ရေစုပ်ထုတ်ပေးမည့်ပန့်များလည်း တစ်ပါတည်း တပ်ဆင်ထားမည်ဖြစ်ကြောင်း သိရသည်။

ရေတံခါးများသည် ပင်လယ်နှင့် ရေလှောင်တမံကို တစ်ကန့်စီရှိနေစေရန် တားပေးထားမည်ဖြစ်၏။ ရေလှောင်တမံအတွင်းရှိ ရေမျက်နှာပြင်ကို တစ်သမတ်တည်းရှိနေစေရန် ထိန်းထားမည်ဖြစ်၍ ထိုတမံတွင် ရေပျော်အားကစားနည်းများဖြစ်သော လှေလှော်ခြင်း၊ ရေလွှာစကိတ်လျှောစီးခြင်း စသည်များကိုလည်း ဆောင်ရွက်ခွင့်ရကြမည်ဖြစ်ကြောင်း သိရသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***



အီရတ်ကြည်းတပ် တပ်မှူး ဘဂ္ဂဒက်တွင် ပစ်သတ်ခံရ

ဘဂ္ဂဒက် မတ် ၂၇

ပြောက်ကျားများက အီရတ်ကြည်းတပ်မှ အထက်တန်းတပ်မှူးတစ်ဦးအား သောကြာနေ့က လုပ်ကြံသတ်ဖြတ်ပြီး အသေခံကားဗုံးဖောက်ခွဲမှု နှစ်ကြိမ်ပြုလုပ်ခဲ့မှုကြောင့် လူ ၁၅ ဦး သေဆုံးသွားခဲ့သည်။

ကြိုးပမ်း

အီရတ်နိုင်ငံတွင် ရွေးကောက်ပွဲအပြီး နှစ်လအကြာ အထင်ကရ ပါတီများဖြစ်သည့် ရှီးယိုက်နှင့် ကာဒ့်ပါတီတို့က အစိုးရအဖွဲ့ ဖွဲ့စည်းရေး ဆွေးနွေးမှုများပြုလုပ်ရန် ကြိုးပမ်းနေကြသည်။

သို့ရာတွင် ဝန်ကြီးနေရာများနှင့် စပ်လျဉ်း၍ အငြင်းပွားမှုများဖြစ်နေသည်။

မကျေမချမ်း

အီရတ်နိုင်ငံတွင် ဇန်နဝါရီလက ကျင်းပခဲ့သည့် ရွေးကောက်ပွဲတွင် ပြောက်ကျားများ၏ အကြမ်းဖက်တိုက်ခိုက်မှုကိုအာခံ၍ မဲပေးခဲ့ကြသော အီရတ်ပြည်သူအများစုက နိုင်ငံရေးသမားများ သဘောတူညီမှုမရဘဲ အကွဲအပြဲဖြစ်နေခြင်းနှင့်ပတ်သက်၍ မကျေမချမ်းဖြစ်နေကြသည်။ ဆွေးနွေးပွဲများ ကျင်းပသော်လည်း ပြောက်ကျားများက ဆက်လက်တိုက်ခိုက်လျက်ရှိသည်။

လက်နက်ကိုင်များက အီရတ် တောင်ပိုင်း အမျိုးသားအစောင့်တပ်မှ တပ်မှူး ဆူလေမန်မိုဟာမက်အား ဘဂ္ဂဒက်မြို့တော် ဘဂ္ဂဒက်ခရိုင်သစ်တွင် ပစ်သတ်ခဲ့သည်။ ၎င်း၏ သားနှစ်ဦးလည်း ဒဏ်ရာရရှိခဲ့သည်။

ယင်းတိုက်ခိုက်မှုအတွင်း အဆိုပါ တပ်မှူး၏ ကိုယ်ရံတော်ငါးဦးနှင့် ၎င်း၏ နောက်လိုက် သေဆုံး သို့တည်းမဟုတ် ထိခိုက်ဒဏ်ရာရရှိခဲ့ကြသည်။

အသေခံ ကားဗုံးဖောက်ခွဲရေးသမားများက အီရတ်တွင် ဖောက်ခွဲမှုနှစ်ခု ပြုလုပ်ခဲ့ရာ လူ ၁၅ ဦးထက်မနည်း သေဆုံးပြီး ၂၃ ဦး ဒဏ်ရာရရှိခဲ့သည်။

အမ်အင်အေ၊ ရိုက်တာ။

ဘင်္ဂလားဒေ့ရှ်တွင် အပူမုန်တိုင်းကျရောက်

ဒါကာ မတ် ၂၇

ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ဖြတ်သန်း၍ အပူပိုင်းမုန်တိုင်း လွန်ခဲ့သောလေးရက်က ကျရောက်ခဲ့သည်။ အဆိုပါ မုန်တိုင်းကျရောက်မှုကြောင့် အနည်းဆုံးလူ ၈၀ သေဆုံးခဲ့ကြောင်း ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ကြာသပတေးနေ့တွင် ပြောကြားခဲ့သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ တောင်ဘက်နှင့် အနောက်ဘက်ဒေသများတွင် မုန်တိုင်းကျရောက်သောကြောင့် အိမ်များနှင့် သစ်ပင်များ ပြိုလဲခဲ့ရသည်။ ထိုအိမ်များနှင့် သစ်ပင်များ ပိမိနေသောကြောင့် သေဆုံးကြရသူ များပြားခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ အခြားသေဆုံးသူများမှာ လျှပ်စီးဒဏ်ကြောင့်လည်းကောင်း၊ မိုးသီးမုန်တိုင်း သို့မဟုတ် လှေ၊ သင်္ဘောများ နစ်မြုပ်မှုကြောင့်လည်းကောင်း သေဆုံးခြင်းဖြစ်သည်။

နေရာအတော်များများကို မုန်တိုင်းဆက်လက်တိုက်ခတ်ကြောင်း၊ အဆိုပါ မုန်တိုင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုနှင့် သေဆုံးသူများ၏ သတင်းများကို နေ့စဉ်ရရှိဆဲဖြစ်ကြောင်း ဘေးအန္တရာယ်ကာကွယ်ရေးဌာနမှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် နွေရာသီကျရောက်တိုင်း မုန်တိုင်းဒဏ်ကြောင့် လူရာပေါင်းများစွာ သေကျေရပြီး မေလကုန်တွင် မုန်တိုင်းရာသီကုန်ဆုံးကြောင်း မိုးလေဝသဌာနမှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

ယခုမုန်တိုင်းရာသီချိန်တွင် ပထမဆုံးကျရောက်သော မုန်တိုင်းဖြစ်သည့် အဆိုပါမုန်တိုင်းကြောင့် လူ ၁၀၀၀ ခန့် ဒဏ်ရာရရှိပြီး လူ ၁၅၀၀၀ ကျော် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့သည်ဟု ၎င်းတို့က ပြောဆိုခဲ့သည်။

အမ်အင်အေ၊ ရိုက်တာ။



တောင်ကိုရီးယားနိုင်ငံ ရှန်ယုန်မော်တော်ယာဉ်စက်ရုံမှ ပြည်ပသို့ တင်ပို့ရန် ထုတ်လုပ်ထားသော ကားများကို စက်ရုံဝင်းအတွင်း၌ မတ် ၂၈ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အီရတ်တွင် ဗြိတိသျှစစ်ဘက်လေယာဉ်ပျက်ကျ လေယာဉ်ပေါ်တွင် လိုက်ပါလာသူ ၁၀ ဦးစလုံးသေဆုံး

လန်ဒန် မတ် ၂၇

ဗြိတိသျှတော်ဝင်လေတပ် (အာအေအက်ဖ်)မှ လေယာဉ်တစ်စင်း အီရတ်နိုင်ငံတွင် ယခုနှစ်စောစောပိုင်းက ပျက်ကျခဲ့ရာ လေယာဉ်ပေါ်လိုက်ပါလာသူ ၁၀ ဦးစလုံး သေဆုံးခဲ့ကြောင်း၊ လေယာဉ်ပျံတက်ခဲ့ပြီး ရှစ်မိနစ်အကြာတွင် အန္တရာယ်ရှိကြောင်း အချက်ပြသတင်းပေးခဲ့ကြောင်းဖြင့် ဗြိတိသျှစစ်ဘက်က ပြောကြားသည်။

အီရတ်နိုင်ငံတွင် စစ်ရေးအရ လှုပ်ရှားမှုအတွင်း တစ်နေ့တည်းဖြင့် ဗြိတိသျှဝန်ထမ်း သေဆုံးမှုအများအပြားဖြစ်ခဲ့သည့်ဖြစ်ရပ်အပေါ် စုံစမ်းစစ်ဆေးခဲ့ရာ အာအေအက်ဖ်က ထုတ်ပြန်သည့် ကြေညာချက်တွင် ယင်းဖြစ်ရပ်၏ ဇာစ်မြစ်ကို ဖော်ထုတ်ထားခြင်း မရှိခဲ့ပေ။ သို့ရာတွင် လေယာဉ်ပျက်ကျပြီး မိနစ် ၅၀ အကြာ ကယ်ဆယ်ရေးအဖွဲ့များ ယင်းနေရာသို့ မရောက်မီအထိ ယင်းလေယာဉ်မှ မည်သည့်သတင်းမှ မကြားသိရကြောင်း ဖော်ပြထားသည်။

သေဆုံး

အဆိုပါလေယာဉ်သည် စီ–၁၃၀ ဟာကြူလီလေယာဉ်ဖြစ်ပြီး ဘဂ္ဂဒက်လေဆိပ်မှ ဇန်နဝါရီ ၃၀ ရက် ညနေ ၄ နာရီ ၂၂ မိနစ်တွင် ပျံတက်ခဲ့ပြီး အခြားအပေါင်းပါတပ်ဖွဲ့များ၏ လေတပ်အခြေစိုက်စခန်းသို့ သွားမည်ဖြစ်သည်။ ထို့နောက် ဘဂ္ဂဒက်အနောက်မြောက် ကီလိုမီတာ ၄၀ အကွာဒေသတွင် ပျက်ကျခဲ့ခြင်းဖြစ်သည်။ ယင်းသို့ ပျက်ကျမှုကြောင့် လေယာဉ်ဝန်ထမ်းကိုးဦးနှင့် တပ်ဖွဲ့ဝင်တစ်ဦးတို့ သေဆုံးသွားခဲ့သည်။ ယင်းလေယာဉ်ပျက်ကျမှုက လေယာဉ်ကို အစွန်းရောက်အုပ်စုများက ပစ်ချကြောင်း ပြောကြားစေရန် လှုံ့ဆော်ပေးလျက်ရှိသည်။ အခြားတစ်ဖက်တွင်လည်း လေယာဉ်ပေါ်တွင် ဗုံးထောင်ထားနိုင်သည်ဟု ကျွမ်းကျင်သူများက ယူဆလျက်ရှိသည်။

စစ်ဆေး

ကာကွယ်ရေးဌာနက မတ် ၇ ရက်တွင် ထုတ်ပြန်သည့် ကြားဖြတ်အစီရင်ခံစာတွင် လေယာဉ်သည် ဗုံးကြောင့် သို့တည်းမဟုတ် အခြားတစ်စုံတစ်ရာသော အနှောင့်အယှက်ကြောင့် ပျက်ကျသည်ဆိုသည့်အချက်ကို ပယ်ချထားပြီး အခြားတစ်ဖက်တွင် ဒုံးကျည်ထိမှန်မှု အလားအလာကို ဖွင့်ပေးထားကြောင်း၊ လေယာဉ်ကို ငှက်များဝင်တိုးခြင်း၊ မိုးကြိုးထိမှန်ခြင်း၊ လေထုတွင်ပေါက်ကွဲခြင်း၊ ဝါယာကြိုးနှင့် ထိခိုက်မိခြင်း၊ လေယာဉ်ပျံသန်းမှု ထိန်းချုပ်ခြင်း၊ ကုန်ပစ္စည်းပေါက်ကွဲခြင်း၊ အင်ဂျင်စက်မီးလောင်ခြင်း၊ အဖျက်သမား၏ဗုံး ထိမှန်ခြင်းနှင့် လေယာဉ်ဟောင်းနွမ်းခြင်း စသည့် အချက်များကို လက်မခံဘဲ ပယ်ချထားကြောင်း သွေးရိုးသားရိုးမဟုတ်သည့် ကိစ္စများ စစ်ဆေးသူ ဒေးဗစ်မာစတာက ပြောကြားသည်။

အင်တာနက်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး ကိုယ်စားလှယ် **Mr. Rajiv Kapur** အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန် ခန်းမ၌ ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

★ **ရှေ့ဖုံးမှ**

ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးကျော်သူနှင့် ဦးမောင်မြင့်၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရ ဦးအောင်ထက်တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဗိုလ်ချုပ်မြင့်ဆွေ နှစ်(၆၀)ပြည့် တပ်မတော်နေ့ပြပွဲသို့ လာရောက်လေ့လာသည့် နိုင်ငံခြားစစ်သံမှူးများနှင့် ဇနီးများအား ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြား

ရန်ကုန် မတ် ၂၈

တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဗိုလ်ချုပ်မြင့်ဆွေသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်၌ ခင်းကျင်းပြသထားသည့် နှစ်(၆၀)ပြည့် တပ်မတော်နေ့ပြပွဲပြခန်းများကို လာရောက်ကြည့်ရှုလေ့လာသော နိုင်ငံခြားသံရုံးများမှ စစ်သံမှူးများနှင့် ဇနီးများအား ကြိုဆိုနှုတ်ခွန်းဆက် စကား ပြောကြားသည်။

ရှေးဦးစွာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ စစ်သံမှူးများ နာယက၊ လာအိုပြည်သူ့ ဒီမိုကရက်တစ် သမ္မတနိုင်ငံစစ်သံမှူး Col. Onechanh Phetsalat ခေါင်းဆောင်သော ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ စစ်သံမှူးများနှင့် ဇနီးများသည် နံနက် ၈ နာရီတွင် တပ်မတော်စစ်သမိုင်းပြတိုက်သို့ ရောက်ရှိလာကြရာ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများက ကြိုဆိုကြသည်။

ထို့နောက် တပ်မတော်စစ်သမိုင်းပြတိုက် အစည်းအဝေးခန်းမ၌ တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဗိုလ်ချုပ်မြင့်ဆွေက စစ်သံမှူးများနှင့်ဇနီးများအား ကြိုဆိုနှုတ်ခွန်းဆက် စကား ပြောကြားသည်။

ဆက်လက်၍ ကာကွယ်ရေးဝန်ကြီးဌာန စစ်သမိုင်းပြတိုက်နှင့် တပ်မတော်မော်ကွန်းတိုက်မှူးရုံးမှ ဒုတိယတပ်မတော်မော်ကွန်းတိုက်မှူး ဒုတိယဗိုလ်မှူးကြီး ဇော်ဝင်းက တပ်မတော်သမိုင်းနှင့် နှစ်(၆၀)ပြည့် တပ်မတော်နေ့ပြပွဲတွင် ခင်းကျင်းပြသထားသည့် ပြခန်းများအကြောင်းကို အကျဉ်းချုံး ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ စစ်သံမှူးများ နာယက၊ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ စစ်သံမှူး Col. Onechanh Phetsalat က ကျေးဇူးတင်စကားပြောကြားပြီး တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဗိုလ်ချုပ်မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် စစ်သံမှူးများနှင့်အတူ မှတ်တမ်းတင် စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံခြားသံရုံးများမှ စစ်သံမှူးများနှင့်ဇနီးများသည် တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဗိုလ်ချုပ်မြင့်ဆွေ၏ ဇနီးဒေါ်ခင်သက်ဌေးနှင့် အဖွဲ့ဝင်များနှင့်အတူ နှစ်(၆၀)ပြည့် တပ်မတော်နေ့ပြပွဲတွင် ခင်းကျင်းပြသထားသည့် နိုင်ငံတော် ဦးတည်ချက် (၁၂)ရပ်ပြခန်း၊ စစ်သမိုင်းပြခန်း၊ တိုင်းစစ်ဌာနချုပ်ပြခန်းများ၊ ဝန်ကြီးဌာနပြခန်းများ၊ တပ်မတော်(ရေ)ပြခန်း၊ တပ်မတော်(လေ)ပြခန်းနှင့် ကာကွယ်ရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးရုံးပြခန်းများကို လှည့်လည်ကြည့်ရှုလေ့လာကြရာ ဒုတိယတပ်မတော် မော်ကွန်းတိုက်မှူးနှင့် ပြခန်းတာဝန်ခံများက ပြခန်းအလိုက် လိုက်လံရှင်းလင်းပြသကြသည်။ (သတင်းစဉ်)

တပ်မတော် စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဗိုလ်ချုပ်မြင့်ဆွေ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ စစ်သံမှူးများ နာယက၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံရုံးမှ စစ်သံမှူး Col. Onechanh Phetsalat ခေါင်းဆောင်သော ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ စစ်သံမှူးများ ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်း ပြတိုက်တွင် မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

ဗဟိုအလုပ်အမှုဆောင် ဗိုလ်မှူးချုပ်သိန်းအောင် ထူးကြီးမြို့ မြို့တော်ခန်းမ ဖွင့်ပွဲတက်ရောက်

ရန်ကုန် မတ် ၂၈

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဗိုလ်မှူးချုပ်သိန်းအောင်သည် မတ် ၂၆ ရက် နံနက်ပိုင်းတွင် ဧရာဝတီတိုင်း အင်္ဂပူမြို့နယ် ထူးကြီးမြို့သို့ ရောက်ရှိပြီး ထူးကြီးမြို့ မြို့တော်ခန်းမဖွင့်ပွဲသို့ တက်ရောက်ရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသစ်လွင်နှင့် တာဝန်ရှိသူများက မြို့တော်ခန်းမကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ကမ္ပည်းမော်ကွန်းကို ကျောင်းသား၊ ကျောင်းသူလေးများက ရွှေကြိုးဆွဲ၍ ဖွင့်လှစ်ပေးပြီး ဗဟိုအလုပ်အမှုဆောင် ဗိုလ်မှူးချုပ် သိန်းအောင်နှင့် တာဝန်ရှိသူများက နံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ဆက်လက်၍ ဖွင့်ပွဲအခမ်းအနားကို ခန်းမအတွင်း၌ ဆက်လက်ကျင်းပရာ ဗဟိုအလုပ်အမှုဆောင် ဗိုလ်မှူးချုပ် သိန်းအောင်က အမှာစကားပြောကြားပြီး ရပ်မိရပ်ဖ ဦးဟုတ်ထိုင်က မြို့တော်ခန်းမ တည်ဆောက်မှုလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဗဟိုအလုပ်အမှုဆောင်သည် မွန်းလွဲပိုင်းတွင်မဲဇလီကုန်းဒေသ မိုးကောင်းတွင်းကျေးရွာ မူလတန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းခန်းမ၌ ပြုလုပ်သည့် မဲဇလီကုန်း-တုံးတူ ကျေးလက် ကျောက်ချောလမ်းသစ် ဖွင့်ပွဲနှင့် ကျေးရွာမူလတန်းကျောင်း စက်ရေတွင်း ဖွင့်ပွဲအခမ်းအနားများသို့ တက်ရောက်သည်။

အခမ်းအနားတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာ ဦးလှဦးက လမ်းသစ်နှင့် စက်ရေတွင်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်က ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ခဲ့မှု အခြေအနေများကို ရှင်းလင်း ပြောကြားပြီး ရပ်မိရပ်ဖ ဦးချစ်ညွှန့်က ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသစ်လွင်၊ စည်ပင်သာယာရေးအဖွဲ့မှ ဦးမြင့်စိုးနှင့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးဌေးဝင်းတို့က ကျေးရွာ မူလတန်းကျောင်း စက်ရေတွင်းနှင့် မဲဇလီကုန်း-တုံးတူ ကျေးလက်ကျောက်ချော လမ်းတို့ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၉-၃-၂၀၀၅ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၁၅ ၂။ **တိပိဋကရေ၊ဓမ္မဘဏ္ဍာဂါရိက၊အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်**
- ၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၆။ ကဗျာပန်းဥယျာဉ်
- ၈:၀၅ ၇။ အတီးပြိုင်ပွဲ
- ၈:၁၅ ၈။ နှောင်းခေတ်တေးပဒေသာ
- ၈:၂၅ ၉။ လမူးတံတား
- ၈:၃၀ ၁၀။ International News.
- ၈:၄၅ ၁၁။ Let's Go.
- ၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် (အထူးပြုအားလုံး) (အင်္ဂလိပ်စာ)
- ၄:၄၅ ၄။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
- ၅:၀၀ ၅။ ခံစားနားဆင်တေးဓာတ်ဝင်
- ၅:၁၅ ၆။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၆:၁၀ ၇။ **နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ မျောက်မင်းဝူခုန်း (အပိုင်း-၈၀)**
- ၆:၃၀ ၈။ ညနေခင်းသတင်း
- ၇:၀၀ ၉။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၀။ ဆဌမအကြိမ်မြောက်နိုင်ငံတကာ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးဆိုင်ရာနည်းပညာ ပြပွဲ (၂၀၀၅)
- ၇:၁၅ ၁၁။ လိုင်စင်မဲ့မော်တော်ယာဉ် လက်ဝယ်ပိုင်ဆိုင်ထားသူများ သတိပြုဖွယ်
- ၇:၃၀ ၁၂။ ဘိုင်းဒါးဟင်းသီးဟင်းရွက် စိုက်ပျိုးရေးအထူးဇုန်
- ၇:၄၅ ၁၃။ အမျိုးသားညီလာခံဂုဏ်ပြုတေး
- ၈:၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ဟောမန်ဆောင်း၏ ချစ်သံစဉ်" (အပိုင်း-၄)**
- ၁၈။ နောက်တစ်နေ့အစီအစဉ်
- ၁၉။ အစီအစဉ်ပြီး၏။

အမှာစကားပြောကြား

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဗိုလ်မှူးချုပ် သိန်းအောင် အင်္ဂပူမြို့နယ် ထူးကြီးမြို့ မြို့တော်ခန်းမဖွင့်ပွဲ၌ အမှာစကားပြောကြားစဉ်။ (သစ်တောရေးရာ)

ရွှေပြည်သာ သာသနဒီပံ တရားစခန်းဖွင့်မည်

ရန်ကုန် မတ် ၂၈

ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ် ၆/၁၀ရပ်ကွက် ချင်းတွင်းလမ်း သာသနဒီပံ မဟာစည်ရိပ်သာ၌ ဧပြီ ၁၀ ရက်မှ ၁၇ ရက်ထိ ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း သတိပဋ္ဌာန် ဝိပဿနာတရားများကို အရှင်သိရိန္ဒ(ဓမ္မာစရိယ ကမ္မဋ္ဌာနာစရိယ)က အခြေခံမှစ၍ ဟောကြား ပြသမည် ဖြစ်ရာ တရားစခန်းဝင်လိုသော ယောဂီများ ရိပ်သာဖုန်း-၇၀၇၄၉၇ နှင့် ၆၆၆၆၆၄ သို့ ဆက်သွယ်စာရင်းပေးနိုင်ကြောင်း သိရသည်။ (က-ပ)

❒ ကျောဖုံးမှ

ပြည်ထောင်စု ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၊ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့၊ လားဟူ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ 'ဝ'အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီတို့မှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့နှင့် တစ်သီးပုဂ္ဂလတို့မှ ရွေးချယ်ခြင်းခံရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၊ တောင်သူလယ်သမားကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တောင်သူလယ်သမားကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ အလုပ်သမားကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များဖြစ်ကြသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ နိုင်ငံတော်သမ္မတရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အစိုးရအဖွဲ့ရုံး၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံး၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်ရုံး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ဝန်ကြီးဌာနအသီးသီးမှ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များတွင် တစ်ဦးချင်း ဖိတ်ကြားထားသူများနှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ငြိမ်းချမ်းရေးရယူထားသော တိုင်းရင်းသားအဖွဲ့ (၁၇)ဖွဲ့အပါအဝင် အခြားအဖွဲ့များမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

လက်မှတ်ရေးထိုး

အမျိုးသားညီလာခံ စုံညီအစည်းအဝေး မစတင်မီ နံနက် ၇နာရီခွဲမှစတင်၍ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီ အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီ အဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များသည် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကျင်းပရာ ပြည်ထောင်စုခန်းမနှင့် ကိုယ်စားလှယ်များ နားနေဆောင် ခန်းမတို့၌ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

ယနေ့ကျင်းပသည့် အမျိုးသားညီလာခံစုံညီအစည်းအဝေးတွင် သဘာပတိအဖြစ် တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးကြည်တင့်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီအဖွဲ့ဝင် ဦးမျိုးသန့်(မောင်ဆုရှင်)၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးစောဖီးလစ်(ခေါ်) ဦးဖီးလစ်ဆမ်၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးလော်ဆင်ကွမ်း၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးကျော်ဒင်(ခေါ်) ဦးထေးရယ်၊ အလုပ်သမား ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးဘိုသိန်း၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့မှ ဒေါက်တာသိန်းညွန့် (ညွန့်ဝေ-ကသာ)၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့မှ ဒေါက်တာမြတ်မြတ်အုန်းခင်နှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့မှ ဒေါက်တာ မနန်တူးဂျာတို့က ဆောင်ရွက်ကြသည်။

အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီရုံး ညွှန်ကြားရေးမှူး (အစည်းအဝေး) ဦးသန်းအောင်က ဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကြည်က ဆောင်ရွက်သည်။

အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် သဘာပတိနှင့် သဘာပတိအဖွဲ့ဝင်များအား တွေ့ရစဉ်။ (သတင်းစဉ်)

စတင်ကျင်းပ

ရှေးဦးစွာ အခမ်းအနားမှူးက အမျိုးသားညီလာခံသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၁၀၈၁ဦးရှိပြီး ၁၀၇၁ဦးတို့ တက်ရောက်လာကြသည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၉ ဒသမ ၀၇ ရာခိုင်နှုန်းရှိသဖြင့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အမျိုးသားညီလာခံ စုံညီအစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

တောင်သူလယ်သမား

ထို့နောက် စုံညီအစည်းအဝေးအစီအစဉ်အရ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ ကိုယ်စားလှယ်အစုအဖွဲ့များမှ ကိုယ်စားလှယ်များက ဆွေးနွေးအကြံပြုချက် စာတမ်းများကို ဖတ်ကြားတင်ပြကြရာတွင် ရှေးဦးစွာ တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးထွန်းအေးဟန်နှင့် ဦးမင်းသူတို့က ဖတ်ကြားတင်ပြကြပြီး စုံညီအစည်းအဝေးကို ခေတ္တရပ်နားသည်။

ဖတ်ကြားတင်ပြ

ယင်းနောက် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက် ၁၀နာရီ မိနစ်၂၀တွင် ဆက်လက်ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာ၌ ပါဝင်မည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးအောင်သိန်းထွန်းက ဖတ်ကြားတင်ပြပြီး နေ့လယ်စာသုံးဆောင်ရန် စုံညီအစည်းအဝေးကိုခေတ္တရပ်နားသည်။

အလုပ်သမား

ထို့နောက် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို မွန်းလွဲ ၁နာရီတွင် ပြန်လည်ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာ၌ ပါဝင်မည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အလုပ်သမား ကိုယ်စားလှယ်များအစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့မှ

စာမျက်နှာ ၇ ကော်လံ ၁ သို့ ✧

တောင်သူလယ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးထွန်းအေးဟန် တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ဖတ်ကြားစဉ်။ (သတင်းစဉ်)

တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးမင်းသူ တောင်သူလယ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ဖတ်ကြားစဉ်။ (သတင်းစဉ်)

တောင်သူလယ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးအောင်သိန်းထွန်း တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက် စာတမ်းကို ဖတ်ကြားစဉ်။ (သတင်းစဉ်)

အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးအောင်ကြည် အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ဖတ်ကြားစဉ်။ (သတင်းစဉ်)

အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးစိန်အေး အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့၏ ဆွေးနွေး အကြံပြုချက်စာတမ်းကို ဖတ်ကြားစဉ်။ (သတင်းစဉ်)

အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးဇော်ဝင်း အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့၏ ဆွေးနွေး အကြံပြုချက်စာတမ်းကို ဖတ်ကြားစဉ်။ (သတင်းစဉ်)

✧ စာမျက်နှာ ၆ မှ

ဦးအောင်ကြည်နှင့် ဦးစိန်အေးတို့က ဖတ်ကြားတင်ပြကြပြီး စုံညီအစည်းအဝေးကို ခေတ္တရပ်နားသည်။

ယင်းနောက် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို မွန်းလွဲ ၂နာရီ ၂၅မိနစ်တွင် ဆက်လက်ကျင်းပရာ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာ၌ ပါဝင်မည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးဇော်ဝင်းက ဖတ်ကြားတင်ပြပြီး အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို မွန်းလွဲ ၂နာရီ ၅၅မိနစ်တွင် ရပ်နားလိုက်သည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို မတ် ၂၉ရက် နံနက် ၉နာရီတွင် ဆက်လက် ကျင်းပသွားမည်ဖြစ်သည်။ (သတင်းစဉ်)

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပရာ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကိုယ်စားလှယ်များအား တွေ့ရစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီနှင့် စုံညီအစည်းအဝေး အလှည့်ကျ သဘာပတိအဖွဲ့ဝင်များ၏ ညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် မတ် ၂၈

အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီနှင့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလှည့်ကျသဘာပတိ အဖွဲ့ဝင်များ၏ ညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၄နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုး၊ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင်၊ အတွင်းရေးမှူး ဦးသောင်းညွန့်၊ လုပ်ငန်းကော်မတီဝင်များနှင့် စုံညီအစည်းအဝေး အလှည့်ကျသဘာပတိ အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုးက သဘာပတိအဖြစ်ဆောင်ရွက်၍ အခမ်းအနားမှူးအဖြစ် တွဲဖက်အတွင်းရေးမှူး(၁) ဦးခင်မောင်မြင့်က ဆောင်ရွက်သည်။

ရှေးဦးစွာ သဘာပတိ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုးက အဖွင့်အမှာစကားပြောကြားပြီး ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင်နှင့်အတွင်းရေးမှူး ဦးသောင်းညွန့်တို့က လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကို ဖြည့်စွက်ဆွေးနွေး တင်ပြကြသည်။

ထို့နောက် အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလှည့်ကျသဘာပတိ အဖွဲ့ဝင်များက ဆွေးနွေး တင်ပြကြသည်။

ယင်းနောက် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုးက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုး အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီနှင့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလှည့်ကျသဘာပတိအဖွဲ့ဝင်များ၏ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အမ္ဗာရာမ တရားစခန်းဖွင့်မည်

ရန်ကုန် မတ် ၂၈

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ပန်းလှိုင်လမ်း အမ္ဗာရာမ ဝိပဿနာကျောင်းတိုက်၌ အမ္ဗာရာမ ဆရာတော်ကြီးများဖြစ်ကြသော ဆရာတော် အရှင်ဦးတိက္ခိန္ဒြိယ၊ ဆရာတော် ဦးတိက္ခတို့၏ ညွှန်ပြတော်မူခဲ့သည့် နည်းအတိုင်း သတိပဋ္ဌာန် ဝိပဿနာတော်ကို ဧပြီ ၁၁ ရက်မှစ၍ သင်္ကြန်ခုနစ်ရက်တရားစခန်း ဖွင့်၍ တရားအားထုတ်ကြမည်ဖြစ်သည်။ (က-ပ)

အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား အလေးမပြိုင်ပွဲဖွင့်

ရန်ကုန် မတ် ၂၈

၂၀၀၅ခုနှစ် ပဋ္ဌမအကြိမ်မြောက် မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား အလေးမပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂နာရီတွင် အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်ဝိတ်က အဖွင့်အမှာစကား ပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ပွဲစဉ်များ

ပထမနေ့ ပွဲစဉ်များအဖြစ် အမျိုးသမီး အလွတ်တန်း (၄၈)ကီလိုတန်း၊ (၅၃)ကီလိုတန်း၊ (၅၈)ကီလိုတန်း၊ အသက်(၂၀)နှစ်အောက် (၄၄)ကီလိုတန်း၊(၄၈)ကီလိုတန်း၊(၅၃)ကီလိုတန်း၊ အမျိုးသားအလွတ်တန်း (၅၆)ကီလိုတန်း၊ (၆၂)ကီလိုတန်း၊ (၆၉)ကီလိုတန်း၊(၇၇)ကီလိုတန်း၊အသက်(၂၀)နှစ်အောက်(၅၀)ကီလိုတန်းနှင့်(၅၆)ကီလိုတန်းများ ကျင်းပသည်။

ပြိုင်ပွဲသို့ စက်မှု(၁)၊ အား/ကာ သိပ္ပံ(ရန်ကုန်) (က)နှင့်(ခ)အသင်း၊ သဃ်န်းကျွန်းမြို့နယ်၊ စက်မှု(၂)၊ မြို့တော်စည်ပင်၊ ရထားပို့ဆောင်ရေး (က)နှင့်(ခ)အသင်း၊ လယ်ယာ/ဆည်မြောင်း(က)နှင့်(ခ)အသင်း၊ကက(ရေ)နှင့်လပခအသင်းတို့ပါဝင်ယှဉ်ပြိုင်ကြသည်။

ဒုတိယနေ့ပွဲစဉ်နှင့် ဆုချီးမြှင့်ပွဲကို မတ် ၂၉ရက်တွင် ကျင်းပမည်ဖြစ်သည်။ (ကြေးမုံ)

အမျိုးသမီးပြိုင်ပွဲ

ပဋ္ဌမအကြိမ်မြောက် မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား အလေးမပြိုင်ပွဲတွင် အမျိုးသမီး အသက်(၂၀)အောက် ပြိုင်ပွဲ၌ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။ (ကြေးမုံ)

နှစ်(၆၀)ပြည့်တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် ဘုရင့်နောင်ရပ်ကွက် ဗန္ဓုလ(၂)လမ်းတွင် ပြီးစီးသွားသည့် ကျပ် ၁၉ သိန်းတန် ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို မတ် ၂၆ရက်က ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်အောင်၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးအောင်မြင့်၊ လမ်းကော်မတီဥက္ကဋ္ဌ ဦးမြတ်စိုးတို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (၅၂၉)

ဗီယက်နမ်အသံလွှင့်ဌာနမှ လေ့လာရေးအဖွဲ့ ရောက်ရှိ

ရန်ကုန် မတ် ၂၈

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ဗီယက်နမ်အသံလွှင့်ဌာနတို့အကြား ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်အရ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဗီယက်နမ်အသံလွှင့်ဌာနမှ Head of Section, Mr. Hoang Huu Khai ခေါင်းဆောင်၍ အဖွဲ့ဝင်သုံးဦးပါဝင်သည့် လေ့လာရေးအဖွဲ့သည် ယမန်နေ့ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာရာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုကြသည်။

အဆိုပါ လေ့လာရေးအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရွှေတိဂုံ စေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုကြသည်။ ထို့နောက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသို့ သွားရောက်လေ့လာကြရာ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်နှင့် တာဝန်ရှိသူတို့က အသံလွှင့်၊အသံဖမ်းလုပ်ငန်းနှင့်ရုပ်မြင်သံကြား ရိုက်ကူးရေးလုပ်ငန်းများကိုလှည့်လည်ပြသကြသည်။

ယင်းနောက် လေ့လာရေးအဖွဲ့ဝင်များသည် မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက်သို့ သွားရောက်လေ့လာကြရာ ပြတိုက်တာဝန်ခံ ဒုတိယရဲမှူးကြီးဌေးအောင်က လိုက်လံရှင်းလင်းပြသသည်။ (သတင်းစဉ်)

ခေတ်အဆက်ဆက် ပြည်သူ့အတွက် တပ်မတော်

နှစ် (၆၀) ပြည့် တပ်မတော်နေ့

တပ်မတော်သည် နိုင်ငံတော်၏လွတ်လပ်ရေးကို ရယူပေးခြင်း၊ နိုင်ငံတော်၏နယ်မြေ တည်တံ့ရေးနှင့် အချုပ်အခြာအာဏာ ပိုင်စိုးရေးတို့ကို ထိပါးနှောင့်ယှက် ကျူးကျော်မှု မှန်သမျှကို တွန်းလှန်ချေမှုန်းပြီး ကာကွယ်စောင့်ရှောက်ခဲ့ခြင်း၊ နိုင်ငံတော် ပြိုကွဲမည့်အခြေအနေများကို အကြိမ်

လွတ်
တွင် ပြ
တပ်မတေ
ကာကွယ်ခဲ့
တစ်ဝိုက်ဝ
အလေးထ

စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကို ပြည်သူတို့နှင့်အတူ တည်ဆောက်လျက်ရှိသည့်တပ်မတော်

တက္ကသ

ယနေ့အချိန်အခါတွင် နိုင်ငံတော်၌အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်ကြီးကို တည်ဆောက်လျက်ရှိသည်။

ယင်းသို့တည်ဆောက်ရာတွင် တစ်ဦးတစ်ယောက်၊ တစ်ဖွဲ့ တစ်စည်းတည်းက တည်ဆောက်နေခြင်းမဟုတ်။ တိုင်းရင်းသား လူမျိုးတစ်ရာကျော်၊ အလုပ်သမား၊ တောင်သူလယ်သမား၊ အသိပညာရှင်၊ အတတ်ပညာရှင်၊ အမျိုးသားနိုင်ငံရေးအင်အားစု များ၊ တပ်မတော်၊ တိုင်းရင်းသား ငြိမ်းချမ်းရေး အဖွဲ့အစည်းများ၊ နိုင်ငံ့ဝန်ထမ်းများ၊ ကျေးလက်နှင့်မြို့ပြစသည့် ပြည်ထောင်စု တစ်ဝန်းလုံးကိုယ်စားပြုသော မြန်မာနိုင်ငံသူ၊ နိုင်ငံသား ၅၄သန်း ကျော်တို့ စုစည်းညီညွတ်စွာ လက်တွဲတည်ဆောက်နေကြခြင်း ဖြစ်သည်။

တစ်နည်းဆိုရလျှင် နိုင်ငံတော်တွင် တည်ငြိမ်ခြင်း၊ အေးချမ်း ခြင်း၊ စည်းလုံးညီညွတ်ခြင်း၊ ဖွံ့ဖြိုးတိုးတက်ခြင်းတို့ဖြစ်ထွန်း တည်ရှိနေမှုနှင့်အတူ တိုင်းရင်းသားပြည်သူတို့၏ လိုလားတောင့်တ ချက်နှင့်အညီ ဒီမိုကရေစီစနစ်ကို တပ်မတော်အစိုးရက စနစ်တကျ ဖော်ဆောင်ပေးနေခြင်းပင်ဖြစ်သည်။

တပ်မတော်သည် သမိုင်းစဉ်တစ်လျှောက်တွင် တိုင်းရင်းသား ပြည်သူများ၏ အကျိုးစီးပွားကို မည်သည့်အခါတွင်မျှ မျက်ကွယ်မပြုခဲ့ဘဲ နိုင်ငံတော်နှင့်နိုင်ငံသားတို့အပေါ် ကျရောက်လာမည့် အန္တရာယ် အကျဉ်းအကျပ်နှင့် ကြုံတိုင်း ပြည်သူ့ရှေ့မှ မားမားမတ်မတ် ရပ်တည်ကာ အကာအကွယ်ပေးခဲ့။

တိုင်းပြည်အေးချမ်းသာယာပြီး တရားဥပဒေ စိုးမိုးနေမှသာ အဆိုပါ စည်းကမ်းကောင်းမွန်သည့် လူ့ပတ်ဝန်းကျင်တွင် ဒီမိုကရေစီ သည် တည်တံ့ထွန်းကားမည်ဖြစ်သည်။

ယခုအခါ တပ်မတော်အစိုးရသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်တည်ဆောက်နိုင်ရန်အတွက် နိုင်ငံတော်ရှေ့ဆက်သွား မည့် မူဝါဒလမ်းစဉ်(၇)ရပ်နှင့်အညီ အမျိုးသားညီလာခံကြီးကို ပြည်သူတို့၏ ထောက်ခံအားပေးမှုဖြင့် ကျင်းပလျက်ရှိသည်မှာ အရှိန်အဟုန်ရရှိနေပြီဖြစ်သည်။

ကျင်းပဆဲအမျိုးသားညီလာခံတွင် အစုအဖွဲ့အသီးသီးတို့မှ ညီလာခံကိုယ်စားလှယ်များအနေဖြင့် စည်းကမ်းရှိရှိ၊ တာဝန် သိသိ တက်ညီလက်ညီ ပါဝင်ပူးပေါင်း ဆောင်ရွက်ခဲ့ကြသဖြင့် ဆွေးနွေးညှိနှိုင်း ဆုံးဖြတ်ရမည့် ကိစ္စများကို အရှိန်အဟုန် ကောင်းကောင်းဖြင့် ဆောင်ရွက်လာနိုင်ခဲ့ကြရာ ယခုဆိုလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးအတွက် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းတွင် အခြေခံရမည့် အသေးစိတ်အခြေခံမူများ ကို အောင်အောင်မြင်မြင် ချမှတ်နိုင်ခဲ့ကြပြီဖြစ်သည်။

ဆက်လက်၍အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးကဏ္ဍတို့အတွက် အသေးစိတ်အခြေခံရမည့် မူများချမှတ်နိုင်ရန် အစုအဖွဲ့အလိုက် ညှိနှိုင်းဆွေးနွေးပြီး အကြံပြုချက်များ တင်ပြလျက်ရှိနေပေသည်။

အမျိုးသားညီလာခံ ကိုယ်စားလှယ်များ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ကြောင်း မှတ်တမ်းတင်စာအုပ်တွင် လက်မှတ်ရေးထိုးကြစဉ်။

၂၀၀၅ခုနှစ် ဖေဖော်ဝါရီလ ၁၇ရက်နေ့က ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ကျင်းပသည့်အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် သဘာပတိ အမျိုးသား ညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အဖွင့်မိန့်ခွန်းပြောကြားရာတွင်–

“ကျွန်တော်တို့ တပ်မတော် ကတော့ သမိုင်းစဉ်တစ်လျှောက်မှာ တိုင်းရင်းသား ပြည်သူတွေရဲ့ အကျိုးစီးပွားကို ဘယ်တော့မှ မျက်ကွယ်ပြုမှာ မဟုတ်သလို တိုင်းရင်း သား ပြည်သူတွေရဲ့ တရားတဲ့ရည်ရွယ် ချက်တွေ၊ မျှော်မှန်းချက်တွေ၊ ဆန္ဒတွေ အောင်မြင်မှု ရအောင် မျိုးချစ်စိတ်၊ ပြည်ထောင်စု စိတ်ဓာတ်ရှိပြီး ရိုးသားတဲ့ တိုင်းရင်းသားပြည်သူတွေနဲ့ သွေးအတူ ရှင်မကွဲခိုင်ခိုင်မြဲမြဲလက်တွဲပြီး နိုင်ငံတော် ရှေ့ဆက်သွားမယ့် မူဝါဒလမ်းစဉ်(၇)ရပ်ကို အပြည့်အဝ အောင်မြင်မှုရတဲ့အထိ ကြိုးစား သွားဖို့ အလေးအနက် သန္နိဋ္ဌာန်ချထားပြီး ဖြစ်ပါတယ်”

ဟူ၍ ပြောကြားသွားသည်။

မှန်ပါသည်။ တပ်မတော်သည် သမိုင်းစဉ် တစ်လျှောက်တွင် တိုင်းရင်းသားပြည်သူများ၏ အကျိုးစီးပွားကို မည်သည့်အခါတွင်မျှ မျက်ကွယ် မပြုခဲ့ဘဲ နိုင်ငံတော်နှင့် နိုင်ငံသားတို့အပေါ် ကျရောက်လာမည့် အန္တရာယ်အကျဉ်းအကျပ်နှင့် ကြုံတိုင်း ပြည်သူ့ရှေ့မှ မားမားမတ်မတ်ရပ်တည် ကာ အကာအကွယ် ပေးခဲ့သည်ချည်းဖြစ်သည်။

ကြိမ် ကာကွယ်စောင့်ရှောက်ခဲ့ခြင်း၊ တစ်မျိုးသား လုံး၏ ညီညွတ်ရေးကို ထာဝရယုံကြည်စွာ တည်ဆောက် ထိန်းသိမ်းခဲ့ခြင်း၊ ပြည်သူတို့၏ အသက်အိုးအိမ်နှင့် စည်းစိမ်ဥစ္စာကို ဆုံးရှုံး ပျက်ပြားစေသော လက်နက်ကိုင် ပဋိပက္ခများ ချုပ်ငြိမ်းစေရန် ပြည်တွင်းငြိမ်းချမ်းရေး ရရှိ ရေးအတွက် ကြိုးပမ်း တည်ဆောက်ခဲ့ခြင်း၊

ဝါဒပြိုင်၊ ဂ
လွတ်လပ်
က ရန်ကု
ပြည်တွင်း
အချိန်တွင်
တွင် အ
အမြွှာမြွှာ
လူသူ စုဓေ
သွေးချော
၁၉၆၁–၆

ခေတ်အဆက်ဆက်တွင် တိုင်းပြည်၌ အခက်အခဲများနှင့် ကြုံရတိုင်း ထိုစဉ်က အုပ် အစိုးရများသည် နိုင်ငံတော်ကို ထိထိရောက်ရောက် ထိန်းသိမ်းစောင့်ရှောက်နိုင်စွမ်း အချိန်ကာလတိုင်း တပ်မတော်က နိုင်ငံတော်၏ တာဝန်ကို ပခုံးပြောင်းထမ်းဆောင်ကာ အ အခန်းကဏ္ဍမှနေ၍ တိုင်းပြည်ကို လမ်းကြောင်းမှန်ပေါ်သို့ ရောက်ရှိအောင် တည့်မတ်ထ သမိုင်းသင်ခန်းစာများအရ အနာဂတ်နိုင်ငံတော်တွင် ဒို့တာဝန်အရေးသုံးပါးကို ထိခိုက် မျိုးများ ထပ်မံမပေါ်ပေါက်လာစေရန်အတွက် ကြိုတင်ကာကွယ်ထိန်းညှိနိုင်ရန် တပ်မ ဦးဆောင်မှုအခန်းကဏ္ဍတွင် ပါဝင်ထမ်းဆောင်နိုင်ရေးဆိုသည်ကို ထည့်သွင်းထားခြင်းဖြစ်ကြေ

တပ်မတော်သည် နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေး၊ အမျိုးသား လွတ်မြောက် ရေးကြိုးပမ်းမှုဟူသော အမျိုးသားနိုင်ငံရေး တာဝန် များကို ပြောင်မြောက်စွာ ထမ်းဆောင်ခဲ့သည့် အမျိုးသားရေး တပ်မတော်ဖြစ်သည်။

ပါတီဂိုဏ်းဂဏ ဝါဒနှင့်ပုဂ္ဂိုလ်ရေး ဩဇာများ ကင်းရှင်းစွာ အမျိုးသားရေး၊ နိုင်ငံတော်၏ အရေးကိုသာ ခံယူ ဆောင်ရွက်ခြင်းတို့ဖြင့် အမျိုးသားနိုင်ငံရေး အစဉ်အလာကြီးမားစွာ ရှိခဲ့ပြီးဖြစ်သည်။

ပြည်ထော
အောက်သို
အာဏာရ
မထိန်းနိုင်
တစ်ကြိမ်၊ ၁

တပ်မတော်နေ့ ဂုဏ်ပြုဆောင်းပါး

တ်လပ်ရေး
ဲ့ တည်တံ့
ရေးတို့ကို
န်သမျှကို
က်ခဲ့ခြင်း၊
ကို အကြိမ်

လွတ်လပ်ရေးရရှိပြီးနောက်ပိုင်း နိုင်ငံတော်တွင် ဖြစ်ပေါ်ခဲ့သော အရေးအရာများတွင် တပ်မတော်သည် ပြည်သူတို့ရှေ့မှ ရပ်တည်ကာကွယ်ခဲ့သည်။ ၁၉၄၈-၄၉-၅၀ပြည့်နှစ်ကာလ တစ်ဝိုက်တွင် ဝါဒစွဲ၊ ပါတီစွဲ၊ ဂိုဏ်းဂဏစွဲကိုသာ အလေးထားလွန်းရာမှ အချင်းချင်း အာဏာလု၊

တက္ကသိုလ် မြတ်သူ

ာ်ရောက်

စ်မျိုးသား
ကြည်စွာ
ည်သူတို့၏
ိ ဆုံးရှုံး
ိုပက္ခများ
ရေး ရရှိ
က်ခဲ့ခြင်း၊

ဝါဒပြိုင်၊ ကိုယ်ကျိုးကြည့်လုပ်ရပ်များ ကြီးထွားပြီး လွတ်လပ်ရေးဆုံးရှုံးလုဖြစ်ရချိန်၊ စာနယ်ဇင်းများက ရန်ကုန်အစိုးရဟု ခေါ်ဝေါ်ခဲ့သည့် အချိန်၊ ပြည်တွင်း သောင်းကျန်းမှု အမြင့်မားဆုံး အချိန်တွင် တစ်ကြိမ်၊ ၁၉၅၈-၅၉-၆၀ပြည့်နှစ်တွင် အာဏာရ ဖဆပလအဖွဲ့ အစိတ်စိတ် အမြွှာမြွှာကွဲပြီး တစ်ဖက်နှင့်တစ်ဖက် လက်နက်လူသူ စုဆောင်းကာ လက်နက်ကိုင်တိုက်ခိုက်ပြီး သွေးချောင်းစီးတော့မည့် အချိန်တွင်တစ်ကြိမ်၊ ၁၉၆၁-၆၂ ခုနှစ်တွင် ဖက်ဒရယ်လှုပ်ရှားမှုဖြစ်

...တိုင်း ထိုစဉ်က အုပ်ချုပ်ခဲ့ကြသည့် နိုင်ငံရေးပါတီ ...ဝင့်ရှောက်နိုင်စွမ်း မရှိခဲ့ကြပေ။ ယင်းသို့သော ...းထမ်းဆောင်ကာ အမျိုးသားနိုင်ငံရေးဦးဆောင်မှု ...အောင် တည့်မတ်ထမ်းတင်ပေးခဲ့ရသည်။ အဆိုပါ ...သုံးပါးကို ထိခိုက်ပျက်ပြားစေမည့် အခြေအနေ ...းညှိနိုင်ရန် တပ်မတော်က အမျိုးသားနိုင်ငံရေး ...င်းထားခြင်းဖြစ်ကြောင်း သုံးသပ်တွေ့ရှိနိုင်ပေသည်။

သြဇာများ
ငံတော်၏
ခြင်းတို့ဖြင့်
ကြီးမားစွာ

ပြည်ထောင်စုကြီး ပြိုကွဲပြီး နယ်ချဲ့စစ်အုပ်စုအောက်သို့ ကျရောက်တော့မည့်အခြေအနေတွင် အာဏာရ နိုင်ငံရေးပါတီ ပထစ အစိုးရအနေဖြင့် မထိန်းနိုင်၊ မသိမ်းနိုင်ဖြစ်ရသည့် အချိန်တွင် တစ်ကြိမ်၊ ၁၉၈၈ခုနှစ်တွင် လက်ဝဲလက်ယာ၊ မြေပေါ်မြေအောက်၊ ပြည်တွင်းပြည်ပ ပယောဂ များဖြင့် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးပျက်ပြားကာ မင်းမဲ့စရိုက်လွှမ်းခဲ့သည့် တိုင်းဆူ ပြည်ဖျက် အရေးအခင်းကာလ၌ တစ်ကြိမ် လေးကြိမ်တိုင်တိုင်လွတ်လပ်ရေး ပြန်လည်ဆုံးရှုံးမည့် အရေး၊ ပြည်ထောင်စုကြီး အစိတ်စိတ်အမြွှာမြွှာ ပြိုကွဲမည့် အရေးတို့မှ တပ်မတော်က ပြည်သူတို့နှင့်လက်တွဲပြီး ကာကွယ်စောင့်ရှောက်ခဲ့သည်ကို မြန်မာ့သမိုင်းစဉ်တွင် အမှတ်ထင်ထင် ကမ္ပည်းတင်ထားပြီးဖြစ်သည်။

ဖြစ်ပေါ်ခဲ့သည့် မြန်မာ့သမိုင်းစဉ်တွင် နိုင်ငံတော်နှင့်ပြည်သူတို့အပေါ် ကျရောက်လာသည့်အန္တရာယ်နှင့် ကြုံတွေ့ခဲ့လေတိုင်း သမိုင်း ပေးတာဝန်အရ အမျိုးသားရေးတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခဲ့သည်မှာ အမျိုးသားတပ်မတော်ပင် ဖြစ်သည်။

တစ်နည်းဆိုရသော် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှု အကြိုကာလမှစ၍ ၁၉၈၈ခုနှစ် အရေးအခင်းကာလ အပါအဝင် မျက်မှောက်ကာလအထိ တပ်မတော်သည် အမျိုးသားနိုင်ငံရေးတွင် နိုင်ငံတော်နှင့်နိုင်ငံသားများအတွက် အသက်၊ သွေး၊ ချွေး အမြောက်အမြား ရင်းနှီးပေးဆပ်ကာ တာဝန်ကျေကျေ၊ သစ္စာရှိရှိ ကြိုးပမ်းစွမ်းဆောင်ခဲ့၊ စွမ်းဆောင်ဆဲဖြစ်သည်။

ကြုံတွေ့ခဲ့ရသည့် သမိုင်းသင်ခန်းစာများအရ တပ်မတော်သည် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲ ရေးဟူသည့် ဒို့တာဝန် အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ကာ အမျိုးသားရေး အင်အားစုကြီးအဖြစ် ကျစ်လျစ်ခိုင်မာစွာရပ်တည်လျက် ရှိနေသည်။

ဆိုရလျှင် တပ်မတော်သည် ပါတီနိုင်ငံရေး သံယောဇဉ်ကင်းသော အမျိုးသားနိုင်ငံရေး အဖွဲ့အစည်းဖြစ်သကဲ့သို့ ကျစ်လျစ်သိပ်သည်း ခိုင်မာသည့် ညီညွတ်ရေးအင်အားဖြင့် နိုင်ငံတော်နှင့် တစ်မျိုးသားလုံး၏ လုံခြုံရေး၊ ကာကွယ်ရေးတာဝန်ကိုလည်း ထမ်းဆောင်ပြီး နိုင်ငံတော်နှင့် တစ်မျိုးသားလုံး၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက် တည်ဆောက်ခဲ့သည်။ ကာကွယ်တည်ဆောက်နေဆဲလည်းဖြစ်သည်။

အတိတ်သမိုင်း ဖြစ်ရပ် ဖြစ်စဉ်များအရ အာဏာရ အစိုးရများသည် နိုင်ငံတည်ဆောက်ရေးကိုလည်း အောင်မြင်စွာ မတည်ဆောက်နိုင်ခဲ့သည့်အပြင် နိုင်ငံတော်၏ နယ်မြေတည်တံ့မှုနှင့် အချုပ်အခြာအာဏာ ဆုံးရှုံးရမည့် အခြေအနေများကြောင့် တပ်မတော်က အကြိမ်ကြိမ်အခါခါ ပါဝင်ဖြေရှင်းရခြင်း၊ ကာကွယ်ရခြင်းတို့သည် အမျိုးသားရေးတာဝန်ကို ကျေပွန်စွာထမ်းဆောင်ခြင်းပင်ဖြစ်သည်။

ယနေ့ကာလတွင်လည်း တပ်မတော်သည် အမျိုးသားရေး တာဝန်ဖြစ်သည့် ဒို့တာဝန် အရေးသုံးပါးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး မျက်နှာစာများတွင် ဦးတည်ချက်(၁၂)ရပ်ချမှတ်၍ နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းများကို တိုင်းရင်းသား ပြည်သူတို့နှင့်အတူ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိနေသည်။

ယနေ့ကာလမှသည် အတိတ်သမိုင်းကို ပြန်လည်ငဲ့စောင်းကြည့်ပါက အာဏာရအစိုးရများနှင့် နိုင်ငံရေးပါတီတိုင်း နိုင်ငံကို မထိန်းသိမ်း၊ မကာကွယ်နိုင်တော့သဖြင့် တပ်မတော်ကသာ ဝင်ရောက် ထိန်းသိမ်း ကာကွယ်ခဲ့ရသည်။ ထို့ကြောင့်လည်း အတိတ်သမိုင်း သင်ခန်းစာများအရ အနာဂတ် နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေး ဦးဆောင်မှု အခန်းကဏ္ဍတွင် တပ်မတော်ပါဝင် ထမ်းဆောင်ရေးသည် ပဓာနကျသော အချက်ပင်ဖြစ်ပေသည်။

အမျိုးသား နိုင်ငံရေးလမ်းကြောင်းကို ယိမ်းယိုင်မှု မရှိစေရန်နှင့် အမျိုးသားရေး အကျိုးစီးပွားကို မထိပါးစေရန် မျက်ခြည်မပြတ် ကာကွယ်စောင့်ရှောက် ထိန်းသိမ်းပေးနိုင်သော အမျိုးသားနိုင်ငံရေး အင်အားစုကြီးဖြစ်သည့် တပ်မတော်သည်သာ အနာဂတ် နိုင်ငံတော်၏ ကံကြမ္မာကို ဖန်တီးပုံဖော်ပေးနိုင်မည် ဖြစ်ပေသည်။

ခြုံငုံ၍ တင်ပြရလျှင် မြန်မာ့သမိုင်းနှင့် တပ်မတော်သမိုင်းသည် ခွဲခြား၍ မရအောင် ဆက်စပ်လျက်ရှိသည်။ မြန်မာ့သမိုင်းသည် တပ်မတော်သမိုင်း၊ တပ်မတော်သမိုင်းသည် မြန်မာ့သမိုင်းဟူ၍ ဆိုရလောက်အောင် တစ်ဆက်တစ်စပ်တည်း ဖြစ်ပေါ်လာခဲ့သည်။ တပ်မတော်သည် မြန်မာ့လွတ်လပ်ရေးအတွက် လိုအပ်ချက်အရ တိုင်းရင်းသားပြည်သူများထဲက ပေါက်ဖွားလာသော တပ်မတော်ဖြစ်သည်။ နိုင်ငံတော် ကာကွယ်ရေးနှင့် စစ်ရေးရည်ရွယ်ချက် တစ်ခုတည်းအတွက် အခွင့်အရေး ကောင်းကောင်းပေးကာ ကြေးစားဆန်ဆန် ဖွဲ့စည်းထားသော တပ်မတော်များတွင် မြန်မာ့တပ်မတော် မပါဝင်ပေ။ တပ်မတော်သည် ပြည်သူတို့နှင့်အတူ လွတ်လပ်ရေးကို ရယူပေးခဲ့သည်။ လွတ်လပ်ရေး ပြန်လည်မဆုံးရှုံးအောင် ထိန်းသိမ်းကာကွယ် လျက်ရှိသည်။ တိုင်းပြည်နှင့်လူမျိုးအပေါ်အန္တရာယ်ကျရောက်မည့်အကျပ်အတည်းများနှင့်ကြုံတိုင်း တပ်မတော်က ပြည်သူ့ရှေ့မှ မားမားမတ်မတ်ရပ်တည်ကာကွယ်ပေးခဲ့သည်။ ခေတ်အဆက်ဆက်တွင် တိုင်းပြည်၌ အခက်အခဲများနှင့်ကြုံရတိုင်း ထိုစဉ်ကအုပ်ချုပ်ခဲ့ကြသည့် နိုင်ငံရေးပါတီ အစိုးရများသည် နိုင်ငံတော်ကို ထိထိရောက်ရောက် ထိန်းသိမ်းစောင့်ရှောက်နိုင်စွမ်း မရှိခဲ့ကြပေ။ ယင်းသို့သော အချိန်ကာလတိုင်း တပ်မတော်က နိုင်ငံတော်၏ တာဝန်ကို ပခုံးပြောင်းထမ်းဆောင်ကာ အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍမှနေ၍ တိုင်းပြည်ကို လမ်းကြောင်းမှန်ပေါ်သို့ ရောက်ရှိအောင် တည့်မတ်ထမ်းတင်ပေးခဲ့ရသည်။ အဆိုပါ **သမိုင်းသင်ခန်းစာများအရ အနာဂတ်နိုင်ငံတော်တွင် ဒို့တာဝန် အရေးသုံးပါးကို ထိခိုက်ပျက်ပြားစေမည့် အခြေအနေမျိုးများထပ်မံ မပေါ်ပေါက်လာစေရန်အတွက် ကြိုတင်ကာကွယ်ထိန်းညှိနိုင်ရန် တပ်မတော်က အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် ပါဝင်ထမ်းဆောင်နိုင်ရေးဆိုသည်ကို ထည့်သွင်းထားခြင်း ဖြစ်ကြောင်း သုံးသပ်တွေ့ရှိနိုင်ပေသည်။**

သို့ဖြစ်ရာ အမျိုးသားနိုင်ငံရေး အင်အားစုကြီးဖြစ်သည့် တပ်မတော်သည် အမျိုးသားရေး အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်သည့် အမျိုးသားနိုင်ငံရေးတာဝန်ကို ကျေပွန်စွာထမ်းဆောင်ရန် အစဉ်ခိုင်မာစွာ ရပ်တည်နေမည် ဖြစ်သကဲ့သို့ အတိတ် သမိုင်းဖြစ်ရပ် ဖြစ်စဉ်များအရ၊ ပစ္စုပ္ပန်ကာလဖြစ်ပေါ်တိုးတက်မှုများအရ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် ပေါ်ထွန်းလာရေး ဦးတည်ဆောင်ရွက်လျက် ရှိသည့် ယနေ့ကာလတွင်လည်း တပ်မတော်သည် တိုင်းရင်းသား ပြည်သူတို့နှင့်အတူ လက်တွဲ ပါဝင်ရင်း အနာဂတ်အမျိုးသားရေးတာဝန်ကို ကျေပွန်စွာဆက်လက် ဆောင်ရွက်သွားမည်မှာ ထာဝရသစ္စာတရားပင် ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။



အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပစဉ်။

နှစ်(၆၀)ပြည့်မှ

အစီအစဉ်အရ တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၊ ဝန်ကြီး ဦးအောင်သောင်း၊ ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) အထူးဒေသ (၆) ဥက္ကဋ္ဌ ဦးအောင်ခမ်းထီနှင့် ပတ္တမြားနဂါးကုမ္ပဏီဥက္ကဋ္ဌ ဦးနေဝင်းထွန်းတို့က ပတ္တမြားပေါင်းကြီး သကြားစက်ရုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) အထူးဒေသ(၆) ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးအောင်ခမ်းထီတို့က စက်ရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကြပြီး ပတ္တမြားနဂါးကုမ္ပဏီဥက္ကဋ္ဌ ဦးနေဝင်းထွန်းက ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် တာဝန်ရှိသူများအား ဖွင့်ပွဲအထိမ်းအမှတ်အလံများ ပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် ဧည့်သည်တော်များသည် စက်ရုံအတွင်း လှည့်လည်ကြည့်ရှုအားပေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။ အဆိုပါ သကြားစက်ရုံသည် တစ်ရက်လျှင် ကြံစိမ်း တန် ၂၀၀ ကြိတ်ခွဲနိုင်ပြီး တစ်နေ့လျှင် သကြား ၁၀တန် ထုတ်လုပ်နိုင်မည်ဖြစ်သည်။

စပျစ်ဝိုင်စက်ရုံ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် အဖွဲ့ဝင်များသည် ညောင်ရွှေမြို့နယ် ရွှေလဖုံးကျေးရွာ၌ ပတ္တမြားနဂါးကုမ္ပဏီက ဖွင့်လှစ်သော Ruby Winery စပျစ်ဝိုင်စက်ရုံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြရာ Ruby Winery စပျစ်ဝိုင်စက်ရုံကို တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၊ ဝန်ကြီး ဦးအောင်သောင်း၊ ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) အထူးဒေသ(၆)ဥက္ကဋ္ဌ ဦးအောင်ခမ်းထီနှင့် ပတ္တမြားနဂါးကုမ္ပဏီဥက္ကဋ္ဌ ဦးနေဝင်းထွန်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ စပျစ်ဝိုင်စက်ရုံဆိုင်းဘုတ်ကို ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ဦးနေဝင်းထွန်းက ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် တာဝန်ရှိသူများအား ဖွင့်ပွဲအထိမ်းအမှတ်အလံများ ပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် ဧည့်သည်တော်များသည် စက်ရုံအတွင်း လှည့်လည်ကြည့်ရှု အားပေးကြသည်။ အဆိုပါစက်ရုံသည် တစ်နှစ်လျှင် နိုင်ငံခြားစံချိန်မီ စပျစ်ဝိုင်ပုလင်း ငါးသိန်းထုတ်လုပ်နိုင်ပြီး စပျစ်သီးကုန်ကြမ်းအတွက် စပျစ်ပင် နှစ်သိန်းကျော် စိုက်ပျိုးရန်လိုအပ်ရာ ၂၀၀၄ခုနှစ်တွင် စပျစ်ပင် ၅၀၀၀၀ကျော် စိုက်ပျိုးပြီးဖြစ်ကြောင်းနှင့် ၂၀၀၅ ခုနှစ်အတွင်း အပင်အရေအတွက်ပြည့်မီအောင် ဆက်လက်စိုက်ပျိုးသွားမည် ဖြစ်သည်။ အဆိုပါ စပျစ်ဝိုင်စက်ရုံကြောင့် နိုင်ငံခြားငွေ တစ်ဖက်တစ်လမ်းမှ ရရှိနိုင်မည်ဖြစ်ပြီး ဒေသအတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်မည်ဖြစ်သည်။

မွန်းလွဲပိုင်းတွင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် အဖွဲ့ဝင်များသည် တောင်ကြီးမြို့ အေးသာယာစက်မှုဇုန်၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် ပတ္တမြားနဂါးကုမ္ပဏီတို့ အကျိုးတူပူးပေါင်းဆောင်ရွက်သော မြန်မာ့အင်းလေး စားသောက်ကုန်လုပ်ငန်း ကုမ္ပဏီလီမိတက်၏ ခရမ်းချဉ်သီးထွက် စားသောက်ကုန်ပစ္စည်းစက်ရုံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ရာ တာဝန်ရှိသူများက စက်ရုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက စက်ရုံကိုစက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး ဧည့်သည်တော်များနှင့်အတူ စက်ရုံအတွင်း လှည့်လည်ကြည့်ရှု အားပေးကြသည်။

အဆိုပါစက်ရုံသည် တစ်ရက်လျှင် ခရမ်းချဉ်သီးကုန်ကြမ်း ငါးတန် အသုံးပြုနိုင်ပြီး ကုန်ချောအဖြစ် ခရမ်းချဉ်သီး အနှစ် သုညဒသမ ၇တန်၊ အရည် တစ်တန် ထုတ်လုပ်နိုင်သည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး Ruby Winery စပျစ်ဝိုင်စက်ရုံအတွင်း ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

သကြၤန်တွင်း တရားစခန်းဖွင့်မည်

ရန်ကုန် မတ် ၂၈

ဗဟန်းမြို့နယ် မြို့မရပ်ကွက် ၃လမ်း ဝိမလာရာမ နတ်ညွှန်းကျောင်းတိုက်၌ ဧပြီ ၁၃ ရက်မှ ၁၇ ရက် ညနေ ၅ နာရီအထိ သင်္ကြန်တွင်း ငါးရက်တရားစခန်းပွဲကို မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဟောပြောပြသမည်ဖြစ်၍ တရားအားထုတ်လိုသော ယောဂီများ ကြိုတင်စာရင်းပေးသွင်းကြရန်နှင့် ဧပြီ ၁၂ ရက် ညနေ ၅ နာရီအရောက် လာရောက်ကြရန် ဖြစ်သည်။ လှူဒါန်းလိုသူများ ဖုန်း-၃၈၀၅၆၈ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။
(က-ပ)

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ စင်ကာပူနိုင်ငံတွင် ကျင်းပမည့် ကမ္ဘာလုံးဆိုင်ရာ အာရှလုံခြုံရေး ၂၀၀၅ပြပွဲနှင့် ညီလာခံသို့ တက်ရောက်ရန် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ထွက်ခွာရာ ပို့ဆောင်နှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။
(သတင်းစဉ်)

ပြည်ထဲရေးဝန်ကြီး ဗိုလ်ချုပ်မောင်ဦး အာရှလုံခြုံရေးပြပွဲနှင့် ညီလာခံတက်ရန်ထွက်ခွာ

ရန်ကုန် မတ် ၂၈

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် စင်ကာပူသမ္မတနိုင်ငံ၌ မတ် ၂၉ ရက်မှ ၃၁ရက်အထိ ကျင်းပမည့် ကမ္ဘာလုံးဆိုင်ရာ အာရှလုံခြုံရေး ၂၀၀၅ ပြပွဲနှင့် ညီလာခံသို့ တက်ရောက်ရန် ယနေ့မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr.T Jasudasen၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှင့်ဦးစီးဌာနများမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ မိသားစုများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ်မှ ဒုတိယရဲချုပ် ဗိုလ်မှူးကြီးဇော်ဝင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးရုံးမှ ဗိုလ်မှူးအောင်ဆွေညွှန့်နှင့် နိုင်ငံဖြတ်ကျော် မှုခင်းဌာနမှ ဌာနမှူး ရဲမှူးကြီး စစ်အေးတို့ လိုက်ပါသွားသည်။
(သတင်းစဉ်)

ရွှေပြည်သာစက်မှုဇုန် အသင်းသားစုံညီ အစည်းအဝေးကျင်းပ

ရန်ကုန် မတ် ၂၈

ရွှေပြည်သာစက်မှုမြို့ အပိုင်း (၂+၃+၄) စက်မှုဇုန် အဖွဲ့ဝင်များ၏ ပထမအကြိမ်အသင်းသား စုံညီနှစ်ပတ်လည် အစည်းအဝေးကို မတ် ၂၃ရက် နံနက် ၁၀ နာရီတွင် ရွှေပြည်သာစက်မှုမြို့ ကနောင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သဘာပတိ ဗိုလ်မှူးကြီးအောင်ဝင်းနှင့် ရန်ကုန်မြောက်ပိုင်းခရိုင် စက်မှုဇုန် ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြတ်မင်းတို့က အမှာစကားပြောကြားကြပြီး ဒုတိယအကြိမ် စီမံခန့်ခွဲရေးကော်မတီကို ဥက္ကဋ္ဌ ဦးမင်းသန်းဌေးနှင့် အတွင်းရေးမှူး ဦးခိုင်မျိုးဝင်းကျော်တို့ ပါဝင်သော ကော်မတီဝင် ၁၆ဦးဖြင့် ရွေးချယ်ဖွဲ့စည်းကြသည်။

ဆက်လက်၍ စက်မှုမြို့ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လုပ်ငန်းရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ A.M.C ဆောက်လုပ်ရေးကုမ္ပဏီက ငွေကျပ် ၅၂သိန်း၊ မြန်မာ့အားမာန်မော်တော်ယာဉ်ထုတ်လုပ်ရေးစက်ရုံက ငွေကျပ် ငါးသိန်း၊ A.H.K Product Co., Ltd က ငွေကျပ် တစ်သိန်း၊ PARIS ဆပ်ပြာစက်ရုံက ငွေကျပ် တစ်သိန်း စုစုပေါင်း အလှူငွေကျပ် ၅၉သိန်းပေးအပ်လှူဒါန်းကြရာ စက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးမင်းသန်းဌေးနှင့် အဖွဲ့ဝင်များက လက်ခံကာ **(အပေါ်ဓါတ်ပုံ)** ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ (သတင်းစဉ်)

MRCP အပိုင်း(၁)၊ MRCPCH အပိုင်း (၁)နှင့် MRCOG အပိုင်း (၁) ဝင်ခွင့်လျှောက်လွှာခေါ်ယူ

ရန်ကုန် မတ် ၂၈

၂၀၀၅ခုနှစ် စက်တင်ဘာလအတွင်း စစ်ဆေးမည့် MRCP အပိုင်း(၁)၊ MRCPCH အပိုင်း(၁)နှင့် MRCOG အပိုင်း(၁)စာမေးပွဲများအတွက် အရည်အချင်းစစ် စာမေးပွဲဝင်ခွင့်လျှောက်လွှာများကို ဆေးသိပ္ပံပညာဦးစီးဌာနမှ ခေါ်ယူထားသည်။

လျှောက်လွှာများကို ဧပြီ ၂၈ရက် နောက်ဆုံးထားလျှောက်ထားရမည်ဖြစ်ပြီး အရည်အချင်းစစ် စာမေးပွဲကို မေ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် ဆေးတက္ကသိုလ်(၁) ရန်ကုန် လမ်းမတော်၌ စစ်ဆေးမည်ဖြစ်ကြောင်းနှင့် ဖုန်း-၀၁-၂၄၂၈၅၅၊ ၂၄၁၇၈၃ လိုင်းခွဲ ၁၃၅၊ ၁၃၆၊ ၁၅၅တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။(သတင်းစဉ်)

နှစ်(၆၀)ပြည့် တပ်မတော်နေ့ပြပွဲ

တပ်မတော်စစ်သမိုင်းပြတိုက်

(ရွှေတိဂုံဘုရားလမ်း)

(၂၆-၃-၂၀၀၅ မှ ၄-၄-၂၀၀၅)

မည်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါသည်။

ကျေးဇူးရှင်မိခင်ကြီး ဒေါ်ထူးနှင့် မိဘဘိုးဘွားများအား ရည်စူး၍ ပါရမီရိပ်သာ မြစပယ်လမ်းနေ သူရဦးထွန်းတင် - ဒေါ်မြင့်မြင့်သိန်း သားသမီးမြေးမြစ်တစ်စုက ဓီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆွမ်း၊ ဆေးပဒေသာပင် အလှူငွေ ကျပ် ၁၅၀၀၀၀ ကို မတ် ၂၄ရက်က လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကိုကိုကြီး လက်ခံယူစဉ်။
(က-ပ)

ဂရင်းရွိုင်ရယ်စပါယ်ရှယ်ရီဆာ့ဗ်ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပပြီးစီး

ရန်ကုန် မတ် ၂၈

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်၏ ကြီးကြပ်မှုဖြင့် International Beverages Trading Co., Ltd. နှင့် Han Event Management တို့ ပူးပေါင်းစီစဉ်ကျင်းပသော ၂၀၀၄-၂၀၀၅ ခုနှစ် ဂရင်းရွိုင်ရယ်စပါယ်ရှယ်ရီဆာ့ဗ် ဂေါက်သီးရိုက်ပြိုင်ပွဲကို ၂၀၀၄ ခုနှစ် နိုဝင်ဘာ ၂၀ ရက်မှ စတင်၍ မြို့ကြီးလေးမြို့၌ ကျင်းပခဲ့သည်။

GRAND ROYAL SPECIAL RESERVE Golf Championship

ဂရင်းရွိုင်ရယ်စပါယ်ရှယ် ရီဆာ့ဗ် ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမပွဲစဉ်ကို ၂၀၀၄ခုနှစ်နိုဝင်ဘာ ၂၀ရက်နှင့် ၂၁ရက်တွင်ရန်ကုန်မြို့ မြို့တော်ဂေါက်ကွင်း၌ ကျင်းပခဲ့ရာ တတိယဆုကို သိန်းလင်းထွန်း၊ ဒုတိယဆုကို ကျော်ဆန်းလွင်နှင့် ပထမဆုကို ဇော်မင်းအေးတို့က ရရှိခဲ့သည်။

ဒုတိယပွဲစဉ်ကို ၂၀၀၄ ခုနှစ်ဒီဇင်ဘာ ၁၁ရက်နှင့် ၁၂ရက်တွင် မန္တလေးမြို့ ရွှေမန်းတောင်ဂေါက်ကွင်း၌ကျင်းပခဲ့ရာ တတိယဆုကို တေဇာလင်း၊ ဒုတိယဆုကို စိုင်းကြူး၊ ပထမဆုကို အေးကိုတို့က ရရှိခဲ့သည်။

တတိယပွဲစဉ်ကို ၂၀၀၅ ခုနှစ် ဇန်နဝါရီ၉ရက်တွင် လားရှိုးမြို့ လားရှိုးဂေါက်ကွင်း၌ကျင်းပရာ တတိယဆုကို စိုင်းဟန်လှိုင်၊ ဒုတိယဆုကို လောစူးနှင့် ပထမဆုကို စိုးမိုးအောင်တို့က ရရှိခဲ့သည်။

စတုတ္ထပွဲစဉ်ကို ဖေဖော်ဝါရီ ၈ရက်၌ မြိတ်မြို့ မြိတ်ဂေါက်ကွင်းတွင် ကျင်းပရာ တတိယဆုကိုဝင်းသိန်း၊ ဒုတိယဆုကို အောင်သန်းနှင့် ပထမဆုကို ကျော်ဟိန်းတို့က ရရှိခဲ့သည်။

ဗိုလ်လုပွဲ ပွဲစဉ်ကို ၂၀၀၅ ခုနှစ် မတ် ၅ ရက်နှင့် ၆ ရက်တွင် ရန်ကုန်မြို့ မြို့တော်ဂေါက်ကွင်း၌ ကျင်းပခဲ့ပြီး Pro-Am ပွဲစဉ်ကိုကျင်းပသည်။

ဆုပေးပွဲအခမ်းအနားကို မတ် ၆ရက် ညနေပိုင်းတွင် ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပရာ တတိယဆုကို စိုင်းဟန်လှိုင် (လားရှိုး)၊ ဒုတိယဆုကို သိန်းလင်းထွန်း (ရန်ကုန်)နှင့် ပထမဆုကို စိုးမိုးအောင်(လားရှိုး)တို့အား ချီးမြှင့်ခဲ့သည်။ ထို့အပြင် Professional ပြိုင်ပွဲအတွက် ပထမ၊ ဒုတိယ၊ တတိယနှင့် စတုတ္ထဆု၊ Pro-Am ပြိုင်ပွဲအတွက် အတွဲလိုက် ပထမ၊ ဒုတိယနှင့် တတိယဆုများကို ချီးမြှင့်ခဲ့သည်။ ဂရင်းရွိုင်ရယ်စပါယ်ရှယ်ရီဆာ့ဗ် ဂေါက်သီးရိုက်ပြိုင်ပွဲ ပွဲစဉ်တိုင်း၌ ပထမ၊ ဒုတိယနှင့် တတိယဆုများအပြင် အနီးဆုံးရိုက်ချက်ဆု၊ အဝေးဆုံးရိုက်ချက်ဆု၊ Most Par ဆု၊ Most Birdies ဆုနှင့် နှစ်သိမ့်ဆုများကိုလည်း ချီးမြှင့်ခဲ့သည်။

Grand Royal Special Reserve Golf Championship 2004-2005 ပွဲစဉ်များကို Cosponsor များဖြစ်ကြသော Air Mandalay, Popa Aqua, Crusher Club Soda, Ping (Pan Dagon Int'Ltd.) နှင့် Traders Hotel တို့က ဝိုင်းဝန်းကူညီ ပံ့ပိုးပေးကြသည်။

(ကြေးမုံ)

ထူးခြားသည့် နေ့အပူချိန်များ

(၂၈-၃-၂၀၀၅)

မော်ဘီ၊ မင်းဘူးနှင့် ဘားအံ

၄၀ ဒီဂရီစင်တီဂရိတ်

(၁၀၄ ဒီဂရီဖာရင်ဟိုက်)



၂၀၀၅ ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် စာပေနှင့် အနုပညာပြိုင်ပွဲတွင် အထူးဆုရရှိသူများအား ဆုချီးမြှင့်ခြင်း အခမ်းအနားကို မတ် ၂၇ ရက်က အထက(၂) ဒဂုံ မြို့မဖခင်ကြီး ဦးဘလွင်ခန်းမ၌ကျင်းပရာ နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ စစ်ရေးတေးပြိုင်ပွဲအဆင့်(၂) အထူးဆုရရှိသည့် မအေးမြတ်သူ(ယုကီ)အား ဆုချီးမြှင့်စဉ်။ (သတင်းဖော်ပြပြီး) (ကြေးမုံ)

မိုးကုတ်ဝိပဿနာ ၁၀ရက်တရားစခန်း

ရန်ကုန် မတ် ၂၈

ဗဟန်းမြို့နယ် နတ်မောက်လမ်း အမှတ်(၂၈)ရှိ မိုးကုတ်ဝိပဿနာ တရားစခန်းနှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ချုပ်ကြီးတွင် ဧပြီ ၅ ရက်မှ ၁၆ ရက်အထိကျင်းပမည့် တရားစခန်းတွင် အဖွဲ့ချုပ်နာယက မဟာကမ္မဋ္ဌာနာစရိယ ဆရာတော် ဘဒ္ဒန္တ ကစ္စာယန (သုဝဏ္ဏသိင်္ဂီ)က ပဋိစ္စသမုပ္ပာဒ် သစ္စာတရားများကို ဟောကြားပြသမည်ဖြစ်ကြောင်းသိရသည်။

(က-ပ)

မုံလယ်တောရဓမ္မရိပ်သာ သင်္ကြန်တရားစခန်းပွဲ

ရန်ကုန် မတ် ၂၈

ပဲခူး ၁၀မိုင်ကုန်း မုံလယ်တောရဓမ္မရိပ်သာ ခုနစ်ရက်တရားစခန်းကို ဧပြီ ၁၀ရက်မှ ၁၆ရက်အထိ ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ကျေးဇူးတော်ရှင် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ သံဝရ မုံလယ်ဆရာတော်ကြီးကိုယ်တိုင်တရားချီးမြှင့်မည်ဖြစ်သည်။ စခန်းဝင်လိုသူယောဂီများ ဧပြီ ၉ရက် ညနေအရောက် ကြွရောက်ရန်နှင့် ဖုန်း-၂၄၇၅၇၆၊ ၅၂၆၄၁၈နှင့် ၅၄၉၁၂၄ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က-ပ)

ကမ္ဘာ့ဖလားခြေစစ်ပွဲများဆက်လက်ကျင်းပ အင်္ဂလန်၊ အီတလီ၊ အာဂျင်တီးနား အနိုင်ရရှိ

မန်ချက်စတာ မတ် ၂၇

၂၀၀၆ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲ ပွဲစဉ်များကို ဆက်လက်ကျင်းပလျက်ရှိသည်။ စနေနေ့တွင် ကျင်းပသော ပွဲစဉ်တွင် အင်္ဂလန်အသင်းက မြောက်အိုင်ယာလန်အသင်းကို လေးဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ အီတလီအသင်းက စကော့တလန်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ အာဂျင်တီးနားအသင်းက ဘိုလီးဗီးယားအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိသည်။

မန်ချက်စတာရှိ အိုးလ်ထရက်ဖို့ဒ်ကွင်း၌ ဥရောပဇုန် အုပ်စု(၆)မှ အင်္ဂလန်နှင့် မြောက်အိုင်ယာလန်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ ပွဲကစားချိန် ပထမပိုင်းအတွင်း မည်သူမျှ ဂိုးမသွင်းနိုင်ဘဲ ဒုတိယပိုင်းတွင် အင်္ဂလန်အသင်းက ၁၅ မိနစ်အတွင်း လေးဂိုးဆက်တိုက်သွင်းယူခဲ့သည်။

ပွဲချိန် ၄၇ မိနစ်တွင် အင်္ဂလန်အသင်းအတွက်အဖွင့်ဂိုးကို ဂျိုးကိုးလ်က သွင်းယူခဲ့သည်။ အင်္ဂလန်အသင်းအတွက် ဒုတိယမြောက်ဂိုးကိုမိုက်ကယ်အိုဝင်က အနီးကပ်သွင်းယူခဲ့သည်။ ပွဲချိန် ၅၄ မိနစ်တွင်မြောက်အိုင်ယာလန်အသင်းမှ ခရစ္စဘီးယတ်က အင်္ဂလန်အသင်းမှ ရှုနေး ဖြတ်ပို့လိုက်သော ဘောလုံးကို မထိန်းနိုင်ဘဲ ကိုယ့်ဂိုးကိုယ်သွင်းမိသဖြင့်အင်္ဂလန်အသင်းတတိယမြောက်ဂိုးကိုရရှိခဲ့သည်။ အင်္ဂလန်အသင်းအတွက် ပွဲသိမ်းဂိုးကိုမူ ပွဲချိန် ၆၂ မိနစ်တွင်ဖရန့်ခ်လမ်းပတ်က သွင်းယူခဲ့သည်။



အင်္ဂလန်အသင်းသည် လေးပွဲနိုင်၊ တစ်ပွဲသရေဖြင့် ယခုအခါ ဥရောပဇုန် အုပ်စု(၆)တွင် ၁၃ မှတ်ဖြင့် ဦးဆောင်နေပြီး ပိုလန်အသင်းထက် တစ်မှတ်အသာရရှိနေသည်။ ပိုလန်အသင်းသည် ဝါဆောတွင် ကစားသောပွဲ၌ အဇာဘိုင်ဂျန်အသင်းကို ရှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ဝေလအသင်းကို နှစ်ဂိုး-ဂိုးမရှိ အနိုင်ရခဲ့သော ဩစတြီးယားအသင်းမှာမူ ရှစ်မှတ်ရရှိကာ တတိယနေရာတွင် ရှိနေသည်။

ပြင်သစ်နှင့်ဆွစ်ဇာလန်အသင်းတို့၏ ခြေစစ်ပွဲတွင် ပြင်သစ်ရှေ့တန်းမှ ထရက်ဇီဂေး (ယာ)**နှင့် ဆွစ်နောက်တန်းကစားသမား ဖီးလစ်ဆန်ဒရို့စ်တို့ ဘောလုံးကိုခေါင်းတိုက်ရန် ယှဉ်လုနေစဉ်။** (ယင်းပွဲတွင် ဂိုးမရှိသရေကျခဲ့သည်။)

(ဓာတ်ပုံ-အင်တာနက်)

မြောက်အိုင်ယာလန်ကို အနိုင်ရရှိခဲ့သော အင်္ဂလန်အသင်းသည် လာမည့် ဗုဒ္ဓဟူးနေ့တွင် အဇာဘိုင်ဂျန်အသင်းနှင့် ယှဉ်ပြိုင်ကစားရဦးမည် ဖြစ်သည်။

တောင်အမေရိကဇုန်

တောင်အမေရိကဇုန်တွင်ပါဝင်သော အာဂျင်တီးနားအသင်းနှင့် ဘိုလီးဗီးယားအသင်းတို့သည် ဘိုလီးဗီးယားနိုင်ငံ အနောက်ပိုင်းလာပက်ဇ်ဖို့တွင် စနေနေ့တွင် ခြေစစ်ပွဲကစားခဲ့ကြရာ၌ အာဂျင်တီးနားအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

ကစားချိန် ပထမပိုင်းတွင် မည်သည့်အသင်းကမျှ ဂိုးမသွင်းနိုင်ခဲ့ဘဲ ပွဲချိန်မိနစ် ၅၀တွင် ဟိုဆေးကက်စတီလိုက ဘိုလီးဗီးယားအသင်းအတွက် ဂိုးသွင်းပေးနိုင်ခဲ့သည်။ သို့ရာတွင် အာဂျင်တီးနားအသင်းက ပွဲချိန် ၅၈ မိနစ်တွင် ချေပဂိုး သွင်းယူနိုင်ခဲ့သည်။ အာဂျင်တီးနားအသင်းအတွက် လူစီယာနိုဖီဂူယာရောင်းက ဂိုးသွင်းပေးခဲ့ပြီးနောက် ငါးမိနစ်အကြာမှာပင် ယင်းအသင်းအတွက် ဒုတိယမြောက်ဂိုးကို လူစီယာနိုဂေါလက်တီက သွင်းယူခဲ့သည်။

အာဂျင်တီးနားအသင်းသည် ၁၂ ပွဲကစားပြီး ၂၅ မှတ် ရရှိထားပြီ ဖြစ်သည်။ ယင်းအသင်းသည် ကမ္ဘာ့ချန်ပီယံ ဘရာဇီးထက် ငါးမှတ်အသာရရှိနေသည်။ ဘရာဇီးနောက်တွင် အီကွေဒေါနှင့် ပါရာဂွေးတို့က ၁၆ မှတ်စီဖြင့် ရပ်တည်လျက်ရှိသည်။ အာဂျင်တီးနားကို ရှုံးနိမ့်ခဲ့သော ဘိုလီးဗီးယားအသင်းမှာ အုပ်စုအမှတ်ပေးဇယားတွင် ၁၀ မှတ်ဖြင့် အောက်ဆုံး၌ရှိနေသည်။

ချီလီနှင့် ဥရုဂွေးတို့၏ ခြေစစ်ပွဲတွင် တစ်ဂိုးစီဖြင့် သရေကျခဲ့ပြီး ဗင်နီဇွဲလားနှင့် ကိုလံဘီယာအသင်းတို့မှာမူ ဂိုးမရှိ သရေကျခဲ့သည်။ တောင်အမေရိကဇုန် အုပ်စုခြေစစ်ပွဲတွင်ပါဝင်သော ၁၀နိုင်ငံအနက် ဥရုဂွေးမှာ ၁၅ မှတ်ဖြင့် ပဥ္စမနေရာတွင် ရှိနေသည်။ ချီလီမှာမူ အိမ်ကွင်းတွင် တစ်ပွဲသာ အနိုင်ရရှိခဲ့သည်။ **(အင်တာနက်)**

မြောက်အိုင်ယာလန်အသင်းကို အဖွင့်ဂိုးသွင်းယူပြီးနောက် အင်္ဂလန်အသင်းမှ ဂျိုးကိုးလ်နှင့် အက်ရှ်လေကိုးလ်တို့ ပျော်ရွှင်မြူးထူးကြစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မက္ကဆီကိုက အမေရိကန်ကိုအနိုင်ရ

မက္ကဆီကိုစီးတီ မတ် ၂၈

ပြိုင်ဘက်ဟောင်းကြီးများဖြစ်ကြသော အမေရိကန်နှင့်မက္ကဆီကိုအသင်းတို့သည် ကမ္ဘာ့ဖလားခြေစစ်ပွဲအဖြစ် မတ်၂၇ရက်ကကစားခဲ့ကြရာမက္ကဆီကိုအသင်းက အမေရိကန်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်အနိုင်ရရှိသွားသည်။

အိမ်ရှင်မက္ကဆီကိုအသင်းကပြိုင်ဘက်အမေရိကန်တို့အပေါ် ပွဲတစ်လျှောက်လုံး လွှမ်းမိုးထားပြီး ပထမပိုင်း မိနစ် ၃၀ တွင် မက္ကဆီကိုအသင်းမှ ဂျာရာဒ်ဘောဂါတီက ပထမဂိုးကို သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

မက္ကဆီကိုအသင်းအတွက် ဒုတိယဂိုးကို အင်တိုနီယိုနယ်ဆင်က ထပ်မံသွင်းယူပေးခဲ့သည်။ အမေရိကန်တို့အတွက် တစ်လုံးတည်းသောချေပဂိုးကို အက်ဒီလူဝစ်ကသွင်းယူခဲ့သည်။ ထိုဂိုးကို အမေရိကန်အသင်းက ကစားချိန် ၅၈မိနစ်အကြာမှ သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

အမ်အင်အေ၊ ရိုက်တာ။

ကမ္ဘာ့ဖလားခြေစစ်ပွဲ ဘရာဇီးကပီရူးကိုနိုင်

ဂိုအာနီယာ မတ် ၂၈

ကမ္ဘာ့ဖလားခြေစစ်ပွဲအဖြစ် လက်ရှိချန်ပီယံ ဘရာဇီးအသင်းနှင့် ပီရူးအသင်းတို့ ဘရာဇီးနိုင်ငံ ဂိုအာနီယာမြို့ရှိ ရာဒါဘောလုံးကွင်းတွင်မတ် ၂၇ရက်က ယှဉ်ပြိုင်ကစားကြရာ ဘရာဇီးက ပွဲပြီးခါနီးမှ အနိုင်ဂိုးရရှိသွားသည်။

တောင်အမေရိကဒေသတွင် ၂၀၀၆ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ဝင်ခွင့်ရရန် ပြိုင်ပွဲဝင်အသင်း ၁၀သင်း ယှဉ်ပြိုင်ကစားကြရာ ၁၀သင်းအနက် အာဂျင်တီးနားအသင်းက ရှေ့ဆုံးမှပြေးနေပြီး ဘရာဇီးအသင်းမှာ ၂၃မှတ်ဖြင့် ဒုတိယနေရာ၌ရှိသည်။

အမ်အင်အေ၊ ရိုက်တာ။

ကလေးသူငယ်များဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးသို့ ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား တက်ရောက်ပြီး မိန့်ခွန်းပြောကြား

ရန်ကုန် မတ် ၂၈

သတ္တမအကြိမ် အရှေ့အာရှနှင့်ပစိဖိတ်ဒေသ ကလေးသူငယ်များဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးသို့ တက်ရောက်မည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် မတ် ၂၂ ရက် မွန်းလွဲပိုင်းတွင် ကမ္ဘောဒီးယားနိုင်ငံသို့ ရောက်ရှိကြရာ အစိုးရအဖွဲ့ အတွင်းရေးမှူး H.E.Ung Tea Seam **နှင့် အစည်းအဝေး ကျင်းပရေးကော်မတီဝင်များက ကြိုဆိုကြသည်။**

ညပိုင်းတွင် ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အဖွဲ့ဝင်များအား ယူနီဆက်ဌာနချုပ် အမှုဆောင်ဒါရိုက်တာ Ms. Carol Belarmy က ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ သည်။

မတ် ၂၃ ရက် နံနက် ၉ နာရီတွင် အစည်းအဝေးဖွင့်ပွဲ အခမ်းအနားကို Apsara Angkor Hotel Conference Hall ၌ ကျင်းပရာ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ်ဆမ်ဒက်ဟွန်ဆင်၊ လူမှုဝန်ထမ်း၊ စစ်မှုထမ်းဟောင်းနှင့် လူငယ်များ ပြန်လည်ထူထောင်ရေးဝန်ကြီးဌာန ဝန်ကြီး H.E. Ith Sam Heng နှင့် ယူနီဆက်ဌာနချုပ် အမှုဆောင်ဒါရိုက်တာတို့က အဖွင့်အမှာစကားပြောကြားကြသည်။

အခမ်းအနားသို့ အရှေ့အာရှနှင့် ပစိဖိတ်ဒေသ နိုင်ငံ ၂၇ နိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့များ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ ယူနီဆက်အဖွဲ့၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အစည်းအဝေးကျင်းပရေး ကော်မတီဝင်များနှင့် အထူးဧည့်သည်တော်များ တက်ရောက်ကြသည်။

ထို့နောက် အစည်းအဝေးကို နံနက် ၁၁ နာရီတွင် စတင်ကျင်းပရာ နိုင်ငံအသီးသီးမှ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များက မိန့်ခွန်းပြောကြားကြသည်။ ညနေပိုင်းတွင် ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များသည် City Angkor Hotel ၌ ကျင်းပလျက်ရှိသည့် ကလေးသူငယ် တွေ့ဆုံပွဲ (Young People Forum) ပိတ်ပွဲ အခမ်းအနားသို့ တက်ရောက်ကြရာ ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားလည်း တက်ရောက်သည်။ ညပိုင်းတွင် ကိုယ်စားလှယ်အဖွဲ့များအား လူမှုဝန်ထမ်း၊ စစ်မှုထမ်းဟောင်းနှင့် လူငယ်များ ပြန်လည်ထူထောင်ရေး ဝန်ကြီးဌာန ဝန်ကြီးက Elephant Terrac, Angkor ၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

မတ် ၂၃ ရက် အစည်းအဝေး ဒုတိယနေ့တွင် မြန်မာ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားသည် မြန်မာနိုင်ငံ၏ ကလေးသူငယ်များ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဆောင်ရွက်တိုးတက်မှုအခြေအနေကို ကမ္ဘာလုံးဆိုင်ရာ ကြေညာချက်၊ ရည်မှန်းချက်များနှင့် ထင်ဟပ်၍ မိန့်ခွန်းပြောကြားသည်။

ထို့နောက် မွန်းလွဲပိုင်းတွင် ဝန်ကြီးများ စုံညီအစည်း အဝေးကျင်းပသည်။ တစ်ချိန်တည်းတွင် ကလေးသူငယ်များအား အကြမ်းဖက်မှုမှ ကာကွယ်ရေး အစည်းအဝေးနှင့် ဆီယမ်ရစ်–အန်ကော ကြေညာချက်မူကြမ်း ရေးဆွဲရေး ကော်မတီအစည်းအဝေးများကို သီးခြားကျင်းပရာ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်နှင့် အဖွဲ့က တက်ရောက်ဆွေးနွေးခဲ့သည်။

သတ္တမအကြိမ် အရှေ့အာရှနှင့် ပစိဖိတ်ဒေသ ကလေးသူငယ်များဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးတွင် မြန်မာကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား မြန်မာနိုင်ငံ၏ ကလေးသူငယ်များ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဆောင်ရွက်တိုးတက်မှုအခြေအနေကို ကမ္ဘာလုံးဆိုင်ရာ ကြေညာချက်၊ ရည်မှန်းချက်များနှင့် ထင်ဟပ်၍ မိန့်ခွန်းပြောကြားစဉ်။ (လူမှုဝန်ထမ်း)

ညနေပိုင်းတွင် ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားနှင့် အဖွဲ့သည် ယူနီဆက်ဒေသဆိုင်ရာ ကိုယ်စားလှယ် (Regional Director) Ms. Anupama Raosingh အား မြန်မာနိုင်ငံဆိုင်ရာ ယူနီဆက်ဌာနေကိုယ်စားလှယ် Ms. Carrol C. Long နှင့်အတူ Apsara Angkor Hotel ဧည့်ခန်း၌ တွေ့ဆုံ၍ မြန်မာနိုင်ငံ၏ ကလေးသူငယ်များနှင့် ပတ်သက်သည့် ဆောင်ရွက်ချက်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ရုပ်သိမ်း

အစည်းအဝေး တတိယနေ့တွင် ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများက ဆက်လက်၍ မိန့်ခွန်းပြောကြားကြသည်။ ထို့နောက် ဆီယမ်ရစ်–အန်ကော ကြေညာချက်ကို ဆွေးနွေးအတည်ပြုကြသည်။ အဋ္ဌမအကြိမ် အရှေ့အာရှနှင့် ပစိဖိတ်ဒေသ ကလေးသူငယ်များဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးကို ၂၀၀၇ ခုနှစ်တွင် ပစိဖိတ်ကျွန်းနိုင်ငံတစ်ခု၌ ကျင်းပရန် ဆုံးဖြတ်ပြီး ကမ္ဘောဒီးယားနိုင်ငံ လူမှုဝန်ထမ်း၊ စစ်မှုထမ်းဟောင်းနှင့် လူငယ်များ ပြန်လည်ထူထောင်ရေးဝန်ကြီးဌာန ဝန်ကြီးက အစည်းအဝေးမှ ဆုံးဖြတ်ချက်များကို ခြုံငုံ ဆွေးနွေး၍ နိဂုံးချုပ်မိန့်ခွန်းပြောကြားကာ အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ ကိုယ်စားလှယ်အဖွဲ့များသည် လူငယ်များ အလုပ်အကိုင်ရရှိရေးနှင့် ယဉ်ကျေးမှု ထိန်းသိမ်းရေးအတွက် ဖွင့်လှစ်ထားသော ပန်းချီ၊ ပန်းပုပညာသင်ကျောင်းသို့ သွားရောက်လေ့လာကြသည်။

ဝန်ကြီးနှင့် အဖွဲ့သည် မတ် ၂၆ ရက် ညပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ပြန်လည်ရောက်ရှိကြောင်း သိရသည်။ (သတင်းစဉ်)

မိုးကုတ်ဝိပဿနာ ၁၀ ရက်တရားစခန်း

ရန်ကုန် မတ် ၂၈

ဒဂုံမြို့သစ် (တောင်ပိုင်း) (၂၀) ရပ်ကွက် မောင်းမကန်သာလမ်း ခေမာသီရိကျောင်းတိုက် မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ တရားစဉ်နှင့် လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ခွဲ အမှတ်(၁၆၆)၏ မိုးကုတ်ဝိပဿနာ အလုပ်ပေးတရားစခန်းကို ဧပြီ ၁ ရက်မှ ၁၀ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ရာ တရားနာကြွရောက်ပါရန်နှင့် တရားစခန်းဝင်လိုသူများသည် မတ် ၃၁ ရက် ညနေ ၅ နာရီအရောက် လာရောက်ကြပါရန်နှင့် အရဏ်ဆွမ်း၊ နေ့ဆွမ်း၊ အချိုပွဲများ ဆက်သွယ်လှူဒါန်းနိုင်သည်။ (က–ပ)

ရန်ကုန်မြို့တော် ရေပေးဝေရေးစီမံကိန်း (ငမိုးရိပ်) မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ကြည့်ရှုစစ်ဆေး

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းအား အင်ဂျင်နီယာဌာန (အဆောက်အအုံ) ဌာနမှူး ဦးဇော်ဝင်း အနည်ထိုင်ကန် တည်ဆောက်နေမှုကို ရှင်းလင်းတင်ပြစဉ်။ (၁၉)

ရန်ကုန် မတ် ၂၈

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် တွဲဖက်အတွင်းရေးမှူး ဗိုလ်မှူးကြီးတင်စိုးလိုက်ပါလျက် ယမန်နေ့နံနက်က မှော်ဘီမြို့နယ် အထယုကျေးရွာအနီး၌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ဆောင်ရွက်နေသည့် ရန်ကုန်မြို့တော် ရေပေးဝေရေးစီမံကိန်း (ငမိုးရိပ်)သို့ ရောက်ရှိလာပြီး လုပ်ငန်းများဆောင်ရွက်နေမှုကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းပြသ

မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းအား အထယုချောင်းဖြတ် ရေထုတ်ပြွန် လုပ်ငန်းဆောင်ရွက်နေမှု၊ အကြိုအနည်ထိုင်ကန်၊ အနည်ထိုင်ကန်၊ ရေစုကန်၊ သဲရေစစ်ကန်၊ ရေတွန်းစက်ရုံ၊ ၃၃–ကေဗွီဓာတ်အားခွဲရုံ တည်ဆောက်ရန် ဆောင်ရွက်နေမှုများကို အင်ဂျင်နီယာဌာန (အဆောက်အအုံ) ဌာနမှူး ဦးဇော်ဝင်း၊ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) ဌာနမှူး ဦးသောင်းရင်၊ ရာဖြတ်ဌာန ဌာနမှူး ဦးထွန်းသန်းထွန်းနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။

မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက လုပ်ငန်းဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေး ပြီး ရှင်းလင်းဆောင်၌ ဌာနမှူးများနှင့် တာဝန်ရှိသူ အဆင့်ဆင့်အား တွေ့ဆုံ၍ ပထမအဆင့် လုပ်ငန်းအားလုံး မိုးမကျမီ ပြီးစီးရေး၊ အလေအလွင့်မရှိစေရေး၊ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ပြည့်မီစွာဖြင့် ဆောင်ရွက်ရန် မှာကြားသည်။ (၁၉)

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မင်္ဂလာတောင်ညွန့်မြို့နယ် ကျီတော်ရပ်ကွက် အထက်ပုဇွန်တောင်လမ်း အမှတ် ၁၁၇/၁၁၉ (၃)လွှာတွင် ကိုယ့်အားကိုယ်ကိုး ကရဏာစာကြည့်တိုက်ဖွင့်ပွဲနှင့် အရှည်တည်တံ့ရေး အထောက်အကူပြုဆွေးနွေးပွဲကို မတ် ၂၅ရက်က ကျင်းပရာ မြို့နယ် ပြန်/ဆက် ဦးစီးဌာနမှူး ဒေါ်မြမြ၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးလှသိန်းနှင့် စာကြည့်တိုက်ဥက္ကဋ္ဌ ဦးထွယ်ခိုပေါင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (မြို့နယ်ပြန်/ဆက်)

ဆေးဝါးရောင်းချရာတွင် လိုက်နာဆောင်ရွက်ရန် အလုပ်ရုံဆွေးနွေးပွဲဖွင့်

ရန်ကုန် မတ် ၂၈

မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်း ကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်းက စီစဉ်ဆောင်ရွက်သည့် ဆေးဝါးရောင်းချရာတွင် လိုက်နာဆောင်ရွက်ရန်ကိစ္စများနှင့် သက်ဆိုင်သော အကြောင်းအရာများ အလုပ်ရုံဆွေးနွေးပွဲ အပတ်စဉ်(၂) ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၁ ရက် နံနက်ပိုင်းတွင် ပန်းဘဲတန်းမြို့နယ် ဗိုလ်ဆွန်ပက်လမ်းရှိ UMFCCI Training Centre ၌ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်း ကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးညွန့်တင်၊ ဆေးတက္ကသိုလ်(၂)မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာအောင်ကြီးနှင့် သင်တန်းမှူးဒေါက်တာမိမိကိုတို့က အမှာစကားပြောကြားကြသည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၅၀ တက်ရောက်ပြီး သင်တန်းကာလမှာ ၁၄ ရက် ဖြစ်သည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၉-၃-၂၀၀၅ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၄:၁၅	၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၅	၅။ အလွမ်းတေးပန်းချီချစ်သူဆီ
၄:၃၅	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၅၅	၇။ မျိုးချစ်တပ်မတော်
၅:၀၀	၈။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်** –Statistical Theory And Generation Functions. –(ဒုတိယနှစ်–စီးပွားရေး)
၅:၃၀	၉။ ပညာခေတ်
၅:၄၅	၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၂။ နိုင်ငံတကာသတင်း
၆:၂၀	၁၃။ မိုးလေဝသသတင်း
၆:၂၅	၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀	၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ငယ်ချစ်ဦး" (အပိုင်း–၂၅)**
၈:၀၀	၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၉။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မျက်နှာဖုံးလူနဲ့ရွှေမင်းသမီး" (အပိုင်း–၁၄)**
	၂၁။ သင့်အတွက်မနက်ဖြန်
	၂၂။ အပိတ်နှုတ်ဆက်စကား
	၂၃။ ပြီးပါပြီ။

ချင်းပြည်နယ် မတူပီမြို့ ဗိုလ်တိုက်ချွန်းလမ်းပေါ်ရှိ ရေပြွန်တံတား တည်ဆောက်ပြီးစီးမှုကို ဖေဖော်ဝါရီ ၁၀ ရက်က ချင်းပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးဝင်းနှင့် ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးတင်မောင်မြင့် ကွင်းဆင်းစစ်ဆေးစဉ်။

(ပြည်နယ်စည်ပင်)

မကွေးမြို့နယ်သပြေစမ်း(မြောက်) ကျေးရွာတွင် မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က တွင်းတူးစက်ဖြင့် စက်ရေတွင်းတူးဖော်ဆောင်ရွက်နေမှုကို မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဇော်ဝင်း၊ အင်ဂျင်နီယာမှူး ဦးစိုင်းရွှေအောင်နှင့် လုပ်ငန်းတာဝန်ခံအင်ဂျင်နီယာ အငယ်တန်း အင်ဂျင်နီယာ-၂ ဦးစိန်မျိုးမြင့်တို့ ဖေဖော်ဝါရီ ၇ ရက်က ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

မတ် ၁ ရက်က ဝက်လက်မြို့နယ် စည်ပင်သာယာရေး အဖွဲ့မှ ဆောင်ရွက်ပြီးစီးခဲ့သည့် ရှီမွကား-စက်လက်လမ်းအား ခရိုင်တာဝန်ခံ ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သူ စစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

နှစ်(၆၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြု ရာသက်ပန်သွေးလှူရှင်မှတ်တမ်း ပေးအပ်

ကျိုက်လတ် မတ် ၁၇

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ကျိုက်လတ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ရာသက်ပန် သွေးလှူရှင်မှတ်တမ်းပေးအပ်ပွဲကို မတ် ၁၅ ရက်က မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ကျင်းပရာ ရာသက်ပန်သွေးလှူရှင် မှတ်တမ်းအား တွဲဖက်အတွင်းရေးမှူး ဦးကျော်လှက မြို့နယ်ကျန်းမာရေး ဦးစီး၌ာနသို့ ပေးအပ်ခဲ့ပြီး မြို့နယ်အသင်းသို့ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ အလှူငွေတစ်သိန်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့မှ အလှူငွေ တစ်သိန်းအား ပေးအပ်ခဲ့ကြသည်။ **(အောက်ပုံ)** **(က-ပ)**

ကျောင်းဆောက်ရန်ငွေလှူ

ရန်ကုန် မတ် ၁၆

အခြေခံ သံတမန်ရေးရာသင်တန်း (၉/၂၀၀၃) (နံနက်ပိုင်း) သင်တန်းသား၊ သင်တန်းသူများသည် မတ် ၁၂ ရက်က သာကေတမြို့နယ် ဇေယျာဝဏ်လမ်းမကြီးရှိ ဂန္ထဝါစကပရိယတ္တိစာသင်တိုက် ပဓာန နာယက ဘဒ္ဒန္တ အရိယဓမ္မထံသို့ ကျောင်းဆောက်လုပ်ရန် အလှူငွေကျပ်တစ်သိန်း ဆက်ကပ်လှူဒါန်းကြောင်း သိရသည်။

(က-ပ)

ပျော်ဘွယ်မြို့နယ် မီးသတ်တပ်ဖွဲ့နှင့် မြန်မာ့ရေနံထွက် ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း မြို့နယ်စက်သုံးဆီ အရောင်းဆိုင် အမှတ်(၀၃၄၄)တို့ ပူးပေါင်း၍ မီးဘေးကြိုတင် ကာကွယ်ရေးစစ်ဆေးခြင်း၊ ပညာပေးဟောပြောခြင်း၊ ဇာတ်တိုက်လေ့ကျင့်ခြင်းများကို မတ် ၅ ရက်က လေ့ကျင့်စဉ်။ (၉၈)

မြိတ်မြို့နယ် မိုးကုတ်ဝိပဿနာ တရားစခန်းပွဲများ

မြိတ် မတ် ၂၇

တနင်္သာရီတိုင်း မြိတ်မြို့နယ် သမုတ်ကျေးရွာ မဏိဇောတ ကျောက်ဂူတောရ ဓမ္မရိပ်သာတွင် ဧပြီလ ၃ရက်မှ ၉ရက်၊ မြိတ်မြို့ ဘုရားငါးဆူရပ် မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာတွင် ဧပြီ ၁၁ရက်မှ ၁၇ ရက်အထိ မိုးကုတ်ဝိပဿနာ တရားစခန်းပွဲများကို ကျင်းပမည် ဖြစ်သည်။

ယင်းတရားစခန်းပွဲများတွင် ရန်ကုန်မြို့ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် ကမ္မဋ္ဌာနာစရိယ အင်းစိန် ပေါက်တောကျောင်းမှဆရာတော်ဦးသြဘာသ(B.A) (သာသနဓဇ သဒ္ဓမ္မနေပုည ဓမ္မာစရိယ) အရှင်သူမြတ်က မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ပဋိစ္စသမုပ္ပါဒ်၊ သစ္စာလေးပါး တရားတော်များကို ဟောကြားမည် ဖြစ်သည်။ (က-ပ)

ပြုပြင်ထိန်းသိမ်းခြင်း သင်တန်းဖွင့်

ပခုက္ကူ မတ် ၄

မကွေးတိုင်း ပခုက္ကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် စက်ရေတွင်းများ ပြုပြင်ထိန်းသိမ်းခြင်း သင်တန်းများကို ပခုက္ကူမြို့ ပြည်သာယာခန်းမ၌ ကျင်းပရာ ဖေဖော်ဝါရီ ၁၄ ရက်တွင် ဆင်မင်း၊ ရွှေတန့်တင့်၊ ကွန်းရွာ၊ ဘုရားကုန်း၊ ဒေါင်းစာ၊ နှောကုန်း၊ မီးသွေးကန်နှင့် သဘော်ကုန်းကျေးရွာများမှ သင်တန်းသား ၄၀ ဦးအား လည်းကောင်း၊ ဖေဖော်ဝါရီ ၂၂ ရက်တွင် လက်ပံကန်၊ မြင်းကျွန်း၊ အနောက် မကျည်းကန်၊ မရိုးကန်၊ သိမ်ကုန်း၊ ပေါင်းလောင်းကန်၊ ဆည်ရွာ၊ ညောင်လှ၊ ကျွန်းညိုကြီး၊ ကျွဲတဲ(ကမ်းနား)၊ အရှေ့ငကျော်၊ ကုလားချောင်း၊ ကွန်းရွာ၊ လှည်းချောင်းပေါက်၊ မကျည်းကန်၊ ညောင်ပင်လှ၊ ဆင်မြူကျွန်း၊ ရွာသာအေး၊ ကမ္မကျေးရွာများမှ သင်တန်းသား ၅၀ ဦးတို့အား ပခုက္ကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးမြင့်စိုးနှင့် လက်ထောက် အင်ဂျင်နီယာ ဦးအေးတို့က ရက်တိုသင်တန်းအဖြစ် လက်တွေ့ သင်ကြားပို့ချပေးခဲ့သည်။

(နယ်စပ်စည်ပင်)

ကတ္တရာလမ်းသစ်နှင့် ကျောက်ချောလမ်းသစ်ဖွင့်

ဟိုပင် မတ် ၁

ဟိုပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ခဲ့သော အောင်သုခ ကတ္တရာလမ်းသစ်နှင့် နန့်ရင်း-ဂါတ်ကုန်း ကျောက်ချောလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၁ ရက်က အဆိုပါလမ်းထိပ်မုခ်ဦးများတွင် ကျင်းပရာ မိုးညှင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်ဒင်နှင့် မိုးညှင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်အောင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်မောင်သွင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ အဆိုပါ အောင်သုခ ကတ္တရာလမ်းသည် အရှည် ၅၆၆ ပေနှင့် အကျယ် ၁၂ ပေရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ရန်ပုံငွေကျပ် ၁၉၄၅၀၀၀ နှင့် နန့်ရင်း-ဂါတ်ကုန်း ကျောက်ချောလမ်း အရှည်ပေ ၂၁၀၀၊ အကျယ် ၁၂ ပေရန်ပုံငွေကျပ် ၅၃၄၀၀၀၀ ဖြင့် ကျခံဆောင်ရွက်ပေးခဲ့သည်။

(မြို့နယ်စည်ပင်)

နယ်သတင်းများ

နှစ် (၆၀)ပြည့် တပ်မတော်နေ့အား ဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်နုနှင့် စည်ပင်ဝန်ထမ်းများ မတ် ၈ ရက်ကနောင်ချိုမြို့ တောင်ရပ်ကွက် ဦးကျော် ရေထွက် ရေကန်အား အမှိုက်များ ဆယ်ယူခြင်း၊ ရေစီးရေလာ ကောင်းမွန်ရေးအတွက် ရေနုတ်မြောင်းများ တူးဖော်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ကြစဉ်။ (၂၄၂)

ဒိုက်ဦးမြို့ ကန်ဦးအထက်တန်းကျောင်း စိန်ရတုအခမ်းအနားကို မတ် ၁၃ ရက်က ဖအောင်ဝဲလမ်း ကန်ဦးကျောင်းဓမ္မာရုံ၌ ကျင်းပရာ စိန်ရတု အခမ်းအနားဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ ဦးဝင်းစိန်က ဘာသာရပ် ထူးချွန်ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (၁၃၀)

မောက်မယ်မြို့နယ် စာရင်းရုံးသစ် ဖွင့်ပွဲကျင်းပ

မောက်မယ် မတ် ၁၀

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင်၊ မောက်မယ်မြို့နယ် စာရင်းရုံးသစ်ဖွင့်ပွဲကို မတ် ၃ ရက် နံနက်က ကျင်းပရာ အခမ်းအနားသို့ လင်းခေးမြို့နယ် နယ်မြေခံတပ်မှ ဗိုလ်မှူးကြီး မြင့်ဝေ၊ လင်းခေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီး အောင်မောင်းနှင့် ရှမ်းပြည်နယ်စာရင်း ရုံးစာရင်းစစ် အရာရှိ ဒေါ်မြင့်မြင့်ကြည်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ ထို့နောက် ဗိုလ်မှူးကြီးမြင့်ဝေနှင့် လင်းခေးခရိုင် ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီး အောင်မောင်းတို့က အမှာစကားပြောကြားပြီး ရှမ်းပြည်နယ် စာရင်းစစ် အရာရှိ ဒေါ်မြင့်မြင့်ကြည်က မြို့နယ်စာရင်းရုံးသစ် အဆောက်အအုံ ဆောက်လုပ်မှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး စာရင်းရုံးသစ် ဆောက်လုပ်မှု အထိမ်းအမှတ်အလံများ ပေးအပ်သည်။**(က-ပ)**

အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့် အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ တောင်သူလယ်သမားနှင့် အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့တို့မှ ကိုယ်စားလှယ်များက ဆွေးနွေးအကြံပြုချက်စာတမ်းများကို ဖတ်ကြားတင်ပြ

ရန်ကုန် မတ် ၂၈

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပရာ အမျိုးသားညီလာခံတွင် နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာ၌ ပါဝင်မည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ ကိုယ်စားလှယ်အစုအဖွဲ့များမှ ကိုယ်စားလှယ်များက ဆွေးနွေးအကြံပြုချက်စာတမ်းများကို ဖတ်ကြားတင်ပြကြသည်။

တက်ရောက်

အဆိုပါ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများ ဖြစ်ကြသည့် ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီ၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ၊ ပြည်ထောင်စုကရင်အမျိုးသားများ အဖွဲ့ချုပ်၊

စာမျက်နှာ ၆ ကော်လံ ၁ သို့

စုံညီစည်းဝေး

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပစဉ်။ (သတင်းစဉ်)

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြု
သကြားစက်ရုံဖွင့်ပွဲနှင့် စားသောက်ကုန်စက်ရုံ ဖွင့်ပွဲကျင်းပ

ရန်ကုန် မတ် ၂၈

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း) အထူးဒေသ(၆) ပတ္တမြားနဂါးကုမ္ပဏီက ဖွင့်လှစ်သော ပတ္တမြားပေါင်းကြီး သကြားစက်ရုံဖွင့်ပွဲကို မတ် ၂၆ရက် နံနက် ၉နာရီတွင် ညောင်ရွှေမြို့နယ် တောင်ခြေကျေးရွာရှိ အဆိုပါစက်ရုံ၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) အထူးဒေသ(၆) ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဦးအောင်ခမ်းထီ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပတ္တမြားနဂါး ကုမ္ပဏီမှ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့

တပ်မတော်နေ့ပြပွဲ ပြည်သူများလေ့လာ

ရန်ကုန် မတ် ၂၈

နှစ်(၆၀)ပြည့် တပ်မတော်နေ့ပြပွဲကို မတ် ၂၆ရက်မှ ဧပြီ ၄ရက်အထိ ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်၌ ခင်းကျင်းပြသလျက်ရှိပြီး အထူးပြခန်းတစ်ခုဖြစ်သည့် တိုင်းကျိုးပြည်ပြု ပြည်သူ့အကျိုးပြု လုပ်ငန်းများပြခန်း၌ မွန်းတည့် ၁၂နာရီမှ မွန်းလွဲ ၂နာရီအတွင်း ကွန်ပျူတာ ဉာဏ်စမ်းပြိုင်ပွဲကို ကျင်းပပေးလျက်ရှိရာ ဆုရရှိသူများအား ဆုများချီးမြှင့်သည်။ ယနေ့ပြပွဲသို့ နိုင်ငံခြားသားများ အပါအဝင် ရပ်နီးရပ်ဝေး ပြည်သူလူထု စုစုပေါင်း ၃၀၀၀ကျော် လာရောက်ကြည့်ရှုကြသည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) အထူးဒေသ(၆) ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဦးအောင်ခမ်းထီတို့ နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ပတ္တမြား ပေါင်းကြီးသကြားစက်ရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)